# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။





ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၂) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

❖ *ရှေ့ဖုံးမှ*

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ဗိုလ်လုပွဲယှဉ်ပြိုင်ကစား**

ဦးစွာ ၂၀၂၄ ခုနှစ်၊ (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲအလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်၊ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၃၇ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ဒုတိယပိုင်း ပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး – ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် ဆုရဘောလုံးအသင်း သုံးသင်းတို့မှ အားကစားသမားများက ဇေယျာသီရိတပ်မတော်အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၄ ခုနှစ်၊ (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုရရှိသူများနှင့် အသန့်ရှင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (ဒုတိယ)ဆုပေးအပ်ချီးမြှင့်စဉ်။





စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက ပြန်လည်လက်ပြနှုတ်ဆက်ကြစဉ်။

စာမျက်နှာ ၃ မှ

တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (တတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆုတံဆိပ် တတိယအများဆုံးရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (တတိယ)ဆု ပေးအပ်ချီးမြှင့်စဉ်။




ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ဒုတိယအများဆုံးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း (ဒုတိယ)ဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၆၅ ခု၊ ငွေတံဆိပ် ၄၃ ခု၊ ကြေးတံဆိပ် ၄၁ ခု စုစုပေါင်း ဆုတံဆိပ် ၁၄၉ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြုစစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့်ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

**အောင်မြင်စွာပိတ်သိမ်း**

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၆၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးပြီး “ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





**ရန်ကုန် အောက်တိုဘာ ၁၁**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးပြီး “ကူညီ ကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေး ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲသို့ တက်ရောက် ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညှော်ခန်းမ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အသုံးပြု မည့် လာဘ်ကောင်ရုပ် (Mascot) များအတွက် ကုန်ကျငွေကျပ်သိန်း ၁၅၀ ကို Trusty Pay ကုမ္ပဏီက ပေးအပ်လှူဒါန်းရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပ ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင် အုန်းက လက်ခံပြီး ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio–1 ၌ ဒါရိုက်တာသြရသ၏ “ဘဝနှင့် အနုပညာ” အစီအစဉ် ရိုက်ကူးနေ မှု၊ Studio–2 ၌ Lighting မီးလုံး အသစ်များ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်ရိုက်ကူးနေမှု၊ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲ ရွေးကောက်ပွဲ ကျင်းပရေး လှုံ့ဆော်တေးသီချင်း နှစ်ပုဒ် ဖြစ်သည့် “ဆန္ဒမဲပေးကြပါ” နှင့် “အတူတူမဲသွားပေးကြစို့”သီချင်း များ MTV ရိုက်ကူးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင် ရွက်သူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံ နှင့် ရုပ်မြင်သံကြားဝင်းအတွင်း ယာယီရုပ်မြင်သံကြားနှင့် အသံ လွှင့်ကောင်စီဖွဲ့စည်းပြီး ရုံးခန်း ဖွင့်လှစ်အသုံးပြုရန် လျာထား သည့် အဆောက်အဦနှင့် ပြင်ဆင် ထားရှိမှု၊ MRTV နှင့် ပူးပေါင်း ဆောင်ရွက်သည့် Borderless Broadcast Co.,Ltd. ရုံးခန်း ငှားရမ်းထားရှိမှုနှင့် ပြင်ဆင် ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် Studio – A ၌ ပြုလုပ်သည့် “ချစ်စရာ အရွယ် ကစားကြမယ်” ကလေးအစီအစဉ် တွင် ရန်ကင်းမူလတန်းကြို ကျောင်းနှင့် စံပြရင်သွေးမူလတန်း ကြိုကျောင်းတို့မှ ကလေးများ ယှဉ်ပြိုင်မှု၊ သဃ်န်းကျွန်းမူလတန်း ကြိုကျောင်းနှင့် သာကေတမူလ တန်းကြိုကျောင်းတို့မှ ကလေးများ ယှဉ်ပြိုင်မှု ရိုက်ကူးရေး အစီအစဉ် ကိုကြည့်ရှုအားပေးပြီး ကလေးငယ် များအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ညပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ဒဂုံ မြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)စီစဉ်မှုဖြင့် ကျင်းပသည့် “ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသ များပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ” သို့ တက် ရောက် ကြည့်ရှုအားပေးသည်။

အဆိုပါ ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ် ကြီးနှင့်အဖွဲ့၊ တရုတ်ယဉ်ကျေးမှု စင်တာ တာဝန်ခံနှင့် အဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးများမှ နာယကများ နှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထား သော ညှော်သည်တော်များနှင့် တေးချစ်သူပရိသတ်များ ကြည့်ရှု အားပေးကြသည်။

ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲ မစတင်မီ “သဘာဝဘေးအန္တရာယ် ကို ရင်ဆိုင်ကျော်လွှား၊ မွန်မြတ် စိတ်ထား၊ တွဲလက်များနှင့် ကူညီထမ်းဆောင်” Video Cilp ကို ပြသသည်။

ထို့နောက် ဥက္ကာဦးသာနှင့် IMMORTAL BAND တို့ ပေါင်းစပ် တီးခတ်ပြီး တေးသံရှင်များ ဖြစ် ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ Lဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ပိုပို၊ ဆိုင်းစံ၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ် တို့က ဖျော်ဖြေတင်ဆက်ကြ သည်။

ရေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတ ဖျော်ဖြေပွဲတွင် တက်ရောက်လာကြသည့် မြန်မာ နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး နှင့်အဖွဲ့၊ ကိုရီးယားနိုင်ငံ MKCS Co.,Ltd. တို့ အပါအဝင် အလှူရှင် များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စု ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌတို့က တက်ရောက် လက်ခံပေးကြသည့် အပြင် Live ထုတ်လွှင့်မှုများကို ကြည့်ရှုကြသည့် မိဘပြည်သူများ ကလည်း KPay မှတစ်ဆင့် ပေးပို့ လှူဒါန်းလျက်ရှိကြသည်။

ယင်းရန်ပုံငွေတေးဂီတဖျော် ဖြေပွဲကို MRTV NRC၊ Farmers Channel၊ MRTV Application၊ Radio MRTV၊ MRTV Telegram၊ 5Plus ချန်နယ်၊ MRTV – 4၊ တိုင်းရင်းသား ရုပ်သံလိုင်း၊ Hey Play TV ချန်နယ်တို့မှ တိုက်ရိုက် ထုတ်လွှင့်လျက်ရှိပြီး MRTV HD, Channel 7 HD မှလည်း နေ့ချင်း Replay ပြန်လည်ထုတ်လွှင့်မှု အပြင် Fortune HD၊ Channel K၊ YTV နှင့် မဟာ HD ရုပ်သံလိုင်း တို့မှလည်း နောက်ရက်များတွင် ဆက်လက် ထုတ်လွှင့်ပြသသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်အတွင်း ဆီထွက်သီးနှံနေကြာ အချိန်မီစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရမည်းသင်း အောက်တိုဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန သမဝါယမဦးစီး ဌာန ညွှန်ကြားရေးမှူး (စီမံ) ဦးအောင်ပြည့်စိုးသည် ဆီထွက် သီးနှံ နေကြာအချိန်မီစိုက်ပျိုး နိုင်ရေး သိမ်ကုန်းကျေးရွာ ရွှေမန္တလာ စိုက်/ထွေ သမဝါယမ အသင်းနှင့် စံပြ လယ်/ထွေ သမဝါယမ အသင်းသားတောင်သူ များနှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၁၁ ရက်က သိမ်ကုန်းကျေးရွာ အခြေခံ သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နေအိမ်၌ ကျင်းပ သည်။



အဆိုပါတွေ့ဆုံပွဲတွင် သမ ဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး က အခြေခံသမဝါယမအသင်းသား တောင်သူများအား ဆောင်းဆီထွက် သီးနှံနေကြာ အချိန်မီစိုက်ပျိုးရန် နှင့် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးကြရန် ရှင်းလင်း ပြောကြားပြီး အသင်းသား တောင်သူများက ဆောင်းနေကြာ စိုက်ပျိုးရန် ယာမြေပြုပြင်ဆောင် ရွက်ထားမှုကိုတင်ပြသည်။

ထို့နောက် ဆည်ကြီး၊ ညောင်အိုင်ကျေးရွာရှိ ပတ္တမြား ညောင်အိုင် စိုက်/ထွေသမဝါယမ အသင်းသားများ၏ မိုးစပါး စိုက်ခင်းများ ရေကြီးနစ်မြုပ် ပျက်စီးမှုနှင့် အသင်းသား တောင်သူများ အစားထိုး ဆောင်း နေကြာ စိုက်ပျိုးနိုင်ရေး ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များက အောက်တိုဘာ ၁၁ ရက်တွင် ဆက်လက် ကောက်ယူလျက်ရှိပြီး ၈၀ ရာခိုင်နှုန်းကျော် ကောက်ယူ ပြီးစီးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော် နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

ရွှေတိုး(ပြန်/ဆက်)



## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်းအသိပညာပေး သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် (၃၄)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်း အသိပညာပေး သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ပန်းဘဲတန်း မြို့နယ် အမှတ် ၆ ရပ်ကွက် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ပြုလုပ်ရာ အသင်းနာယက၊ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ် ကြသည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာပြီး သင်တန်းတွင် ရွှေသတ္တု တူးဖော်ခြင်း ဘာသာရပ်၊ ရွှေပန်းထိမ်ပညာဘာသာရပ်၊ ရွှေသန့်စင်ခြင်း နှင့် မီးလင်းရွှေဈေးကွက် ရောင်းဝယ်ခြင်း၊ အသုံးချရွှေသင်္ချာ၊ ရွှေ အပေါင်ခံခြင်းဘာသာရပ်၊ ရွှေဒင်္ဂါး/ ငွေဒင်္ဂါးဘာသာရပ်၊ ရွှေဆိုင် ဖွင့်လှစ်ခြင်း၊ ရွှေအခြေခံ တွက်ချက်နည်း၊ ကျောက်မျက်ပညာဘာသာရပ် အကြောင်းတို့ကို ပညာရှင်များက ပို့ချခဲ့ကြသည်။

အဆိုပါ သင်တန်းပထမနေ့တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့က ပို့ချသည့် ငွေကြေးခဝါချမှု နှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး AML/CFT အကြောင်းကို သင်တန်းသား သင်တန်းသူတို့က တက်ရောက်ခဲ့ကြသည်။

**မျိုးမင်းသူရ**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြသင့်

ဂျီနီဗာမြို့၌ မကြာသေးမီက ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)၏ အစီရင်ခံစာအပေါ် အပြန်အလှန် ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင်လည်းကောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံမပါဝင်ဘဲ ပြုလုပ်ခဲ့သည်။ ကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း မြန်မာနိုင်ငံအပေါ် ဦးတည်သည့် ယန္တရားများ၏ အစီရင်ခံစာအပေါ် ဆွေးနွေးပွဲ စုစုပေါင်း (၆) ကြိမ် ပြုလုပ်ခဲ့ရာ ယင်းတို့သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှ အကျိုးမပြုသည့်အပြင် ကုလသမဂ္ဂ၏ အချိန်နှင့်အရင်းအမြစ်များကိုလည်း အလဟဿကုန်ခန်းစေသည်။

အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒဖြင့် အတည်ပြုချမှတ်ထားခြင်း မရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်လျက် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ ဆင်းသက်လာသည့် IIMM ယန္တရားအား စတင်တည်ထောင်ချိန်ကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြု လက်ခံခဲ့ခြင်း မရှိပါ။ ကောင်စီအစည်းအဝေးကာလအတွင်း ဆွေးနွေးခဲ့သည့် IIMM ၏ အစီရင်ခံစာသည် ခိုင်မာမှုမရှိသော အရင်းအမြစ်များအပေါ် အခြေခံ၍ ကောက်ချက်ချထားသည်ကို တွေ့ရသည်။ ထို့ပြင် အဆိုပါယန္တရားသည် သက်တမ်းအကန့်အသတ်မရှိခြင်း၊ စိစစ်ကြပ်မတ်မှု မရှိခြင်း၊ ကုလသမဂ္ဂမှ ခွဲဝေချထားပေးငွေအပြင် ပြင်ပမှ ရရှိသော ရန်ပုံငွေများအပေါ် မှီခိုခြင်းတို့ကြောင့် ၎င်း၏ အမှီအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့မှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာတွင် အတည်မပြုနိုင်သော အချက်အလက်များနှင့် အထင်အမြင်လွဲမှားစေသည့် အချက်များအပေါ် အခြေခံသည့် စွပ်စွဲချက်များပါဝင်ရာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား အထင်အမြင်လွဲမှားမှုကို ဖြစ်ပေါ်စေသည်။ ယင်းအစီရင်ခံစာပါ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်မှစ၍ အကျဉ်းထောင်များသို့ သွားရောက်ကာ အကျဉ်းထောင်အခြေအနေနှင့် အကျဉ်းသားများ ထားရှိမှုနှင့်ပတ်သက်၍ စစ်ဆေးအကြံပြုလျက်ရှိသည်။ မြန်မာနိုင်ငံသည် စိတ်ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန် စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေးမဟာဗျူဟာစီမံချက် (၂၀၂၁-၂၀၂၄) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံချက်သည် ဆေးရုံများနှင့် အသိုက်အဝန်းများအကြား စိတ်ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ရာတွင် ဘက်စုံလွှမ်းခြုံနိုင်ရန် ရည်ရွယ်သည်။

မဟာမင်းကြီး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို စိစစ်အတည်ပြုခြင်း မရှိသည့်အပြင် အစိုးရက တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များကိုလည်း ချန်လှပ်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် ယင်းအစီရင်ခံစာတွင် PDF များနှင့် လက်နက်ကိုင်အဖွဲ့များ၊ AA ၏ အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားပြီး ထိတွေ့မှုဆိုင်ရာစည်းမျဉ်းနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သော တပ်မတော်၏ တန်ပြန်တုံ့ပြန်မှုများကိုမူ တစ်ဖက်စောင်းနင်း ဖော်ပြထားသည်။ အကြမ်းဖက်မှုများကို လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးခြင်းမပြုရန်နှင့် အစိုးရ၏ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းအား တိုက်တွန်းသည်။

နိုင်ငံတော်အစိုးရသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည်နှင့်အညီ မြန်မာနိုင်ငံတွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၁-၁၀-၂၀၂၄ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ စတင်ကောက်ယူလျက်ရှိရာ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှု အကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိဘဲ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုအကူအညီများကို ခွင့်ပြုပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သည့်ဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအတွက် ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး အကူအညီ ပစ္စည်းများ ဖြန့်ဝေရာတွင် အကူအညီပေးသည့် အဖွဲ့အစည်းများ လိုက်ပါနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရသည် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမှာ သိသာစွာ တိုးတက်လာသည်။ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက နယူးယောက်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပေါ်ညွှန်ကြားရေးမှူးများအဖွဲ့ (EDG) မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးလျက်ရှိသည့် မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်အတွင်း (၂) ကြိမ် ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရေးအတွက် မဆုတ်မနစ်ကြိုးပမ်းမှုများကို အသိအမှတ်ပြုချိန်တန်ပြီဖြစ်သည်။ အပ်ကြောင်းထပ်နေသော ပုံစံတူယန္တရားများဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေခြင်းထက် မြန်မာနိုင်ငံရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ယင်းယန္တရားများကို အဆုံးသတ်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ကုလသမဂ္ဂအား တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်**

## မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၁**

မန္တလေး တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် မန္တလေး တိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သိမ်းဆည်းရမိခဲ့သည့် လက်နက် / ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ခင်းကျင်းပြသထားမှုအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပြင်ဦးလွင်မြို့နယ်အတွင်း သန်းခေါင်စာရင်းအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်



**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစတင်ပြီး စာရင်းများ ကောက်ယူရာ ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၅၉၄ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် ၅၆၂ ဦးက သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ သတ်မှတ် နယ်နိမိတ်အတွင်း နေထိုင်သူများအား သတ်မှတ်ထားသည့် စာရင်းကောက်ကွက်များ၌ စနစ်တကျ မေးမြန်းနေမှုများကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လယ်မြေတွင် စပါးပျိုးပင်များကို ကောက်စိုက်စက်များဖြင့် အခမဲ့စိုက်ပျိုးပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော သီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာအနီးရှိလယ်မြေ ၂၀ ဧကကို စက်မှုလယ်ယာဦးစီးဌာနက မြေပြင်ထွန်ယက်ပေးနေမှု၊ ကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။





တောင်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လယ်မြေ ၂၀ ဧကတွင် ရာသီအမီ သက်တမ်းတိုစပါး ပြန်လည်စိုက်ပျိုးပေးခြင်းကို ကူညီဆောင်ရွက်ပေးခြင်းသည် ဒေသ၏ စားရေရိက္ခာဖူလုံရေးနှင့်တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပင်လောင်းလမ်းဆုံအနီး စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လမ်း ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများ ပါဝင်ပြီး စက်မှုလယ်ယာစနစ်ကို လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်နိုင်ကြမည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများဘက်က အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဦးစီးဌာနများမှ တာဝန်ရှိသူများက သီးနှံများဖြစ်ထွန်းအောင်မြင်ရေးအတွက် သွင်းအားစုထည့်သွင်းခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ရေသွင်းစနစ် မှန်ကန်ရေးနှင့် စိုက်ပျိုးရေချွေတာအသုံးပြုရေး၊ လယ်ယာမြေအသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြကြသည်။

ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်းများ ရာသီအချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံ ပြန်လည်စိုက်ပျိုးခြင်းအတွက် မြေပြင်ထွန်ယက်ခြင်း၊ မျိုးစပါး အခမဲ့ရရှိရေးအပါအဝင် အခြားသီးနှံစိုက်ပျိုးလိုသော တောင်သူများအတွက် လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဒေသတွင်း ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်ကြောင့် ထိခိုက်ခံစားနေရသူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရေးနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များ အထောက်အပံ့ပေးရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

အာဆီယံဒေသတွင်း ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်ကြောင့် ထိခိုက်ခံစားနေရသူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရေးနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များ အထောက်အပံ့ပေးရေးဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Hotel Max ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီး ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် ကိုရီးယားသမ္မတနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း မိုင်းလှုပ်ရှားမှုဗဟိုဌာန (ASEAN Regional Mine Action Centre – ARMAC) မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌများ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်း အဖွဲ့ဝင်များနှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိုင်းအန္တရာယ် ထိခိုက်ခံစားရသူများသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရှိကြောင်း၊ ယင်းသို့ ထိခိုက်မှုများကြောင့် ၎င်းတို့၏ မိသားစု၊ ပတ်ဝန်းကျင်အပေါ် အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုများရှိကြောင်း၊ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းတစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ပြန်လည်ထူထောင်ပေးခြင်းသည် ရေရှည်လုပ်ဆောင်ရမည့် ကိစ္စတစ်ရပ်ဖြစ်ပြီး ခွဲစိတ်ကုသခြင်း၊ ခွဲစိတ်ကုသပြီး နောက်ဆက်တွဲစောင့်ရှောက်ခြင်း၊ အထောက်အကူပြုပစ္စည်းကိရိယာများ ပံ့ပိုးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ကုထုံးဖြင့် ကုသခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် နာကျင်ခံစားမှုလျော့နည်းစေရန် ဆောင်ရွက်ပေးခြင်းစသည့် ဝန်ဆောင်မှုများ လိုအပ်ကြောင်း။

ယနေ့ကျင်းပသည့် အမျိုးသားအဆင့် ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကွင်းဆင်းလေ့လာ တွေ့ရှိချက်များကို အခြေခံ၍ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများကြောင့် ထိခိုက်ခံစားနေရသူများအတွက် ပိုမိုကောင်းမွန်သော ရှေ့လုပ်ငန်းစဉ်များကို ချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဒေသတွင်း မိုင်းလှုပ်ရှားမှုဗဟိုဌာန (ASEAN Regional Mine Action Centre – ARMAC) အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Ms. Rothnia Buth က အမှာစကားပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပပြီး မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီထောက်ပံ့ပေးခြင်းနှင့် စပ်လျဉ်းသည့် နိုင်ငံတကာ မိုင်းလှုပ်ရှားမှုစံသတ်မှတ်ချက်များကို ရှင်းလင်းခြင်း၊ ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်သူများက လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြကာ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်၌ အကြိုအခြေခံ မီးသတ်ပညာသင်တန်းအမှတ်စဉ်(၁ / ၂၀၂၄)သင်တန်းဆင်းပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သုံးတောင်ကျေးရွာရှိ Brust Transmission Co.,Ltd.. စက်ရုံ၌ အကြိုအခြေခံ မီးသတ်ပညာသင်တန်း အမှတ်စဉ် (၁/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အကြိုအခြေခံမီးသတ်ပညာသင်တန်း ဆင်းပွဲအခမ်းအနားတွင် ပြင်ဦးလွင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး သင်တန်းဆုရ သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် စက်ရုံတာဝန်ရှိသူများက သင်တန်းဆရာများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းအား စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သီးသန့် မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား သင်တန်းသူ အင်အား ၃၅ ဦးဖြင့် ပြင်ဦးလွင်မြို့ သုံးတောင်ကျေးရွာရှိ Brust Transmission Co.,Ltd .. စက်ရုံ၌ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပဲမျိုးစုံနှင့်ပြောင်းတင်ပို့မှုတွင် ပထမခြောက်လပတ် သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်သည်ကို တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**
အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ – ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန် မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ – ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပို့ကုန်အမယ်တစ်ခုချင်းအလိုက် တင်ပို့ရန် သတ်မှတ်လျာထားချက်များရှိကြောင်း၊ ပဲမျိုးစုံနှင့်ပြောင်းတင်ပို့မှုတွင် ပထမခြောက်လပတ် သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်သည်ကို တွေ့ရှိရကြောင်း၊ အခြားပို့ကုန် အမယ်တစ်ခုချင်းအလိုက် သတ်မှတ်လျာထားချက်များကို ပြည့်မီအောင် တင်ပို့နိုင်ရန်လိုအပ်နေကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များကို ဌာနများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို ရွေးထုတ်ပြီး ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ကဏ္ဍများမှ Reporting Template ဖြင့် ပေးပို့တင်ပြထားသည့် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကဏ္ဍအလိုက် ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းစီမံချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရေဘေးဒဏ်ခံစားရသောဒေသများရှိ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးပရိဘောဂပစ္စည်းများနှင့် စာရေးကိရိယာများ လှူဒါန်း




**နေပြည်တော် အောက်တိုဘာ ၁၁**
ရေဘေးဒဏ်ခံစားရသော အခြေခံပညာကျောင်းများအတွက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ကျောင်းသုံးပရိဘောဂများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းက လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးရှိ စာသင်စားပွဲနှင့် ကုလားထိုင် အစုံ ၄၅၀၊ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၄၇၀ နှင့် ဘောပင် ၂၇၀၀ တို့ကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနကျောင်း ၁၆ ကျောင်းသို့ အောက်တိုဘာ ၁၀ ရက်က ကြိုတင်ပေးပို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

**နေပြည်တော် အောက်တိုဘာ ၁၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန် – မော်လမြိုင် – ရန်ကုန်ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်–

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၅.၁၀.၂၀၂၄ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၂ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၃ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၄ | ၂၀.၁၀.၂၀၂၄ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၆ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ်မူတည်၍ ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင် ဝန်ချိန်ပြည့်တွဲဆိုင်းများ တိုးချဲ့ချိတ်ဆက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားလက်မှတ်ခနူန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများ စတင်ရိတ်သိမ်း

**သုံးခွ အောက်တိုဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ၌ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သုံးခွမြို့နယ် သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်သည့် ကတုံးပေါ်အလယ်ကျေးရွာ ပစ်တိုင်းထောင်စိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ အသင်းသားဦးမြင့်သန်း၏ လယ်ဧက ၁၀ ဧကကို ယနေ့နံနက် ၁၁ နာရီက မိုးစပါးများ စတင်ရိတ်သိမ်းသည်။

သုံးခွမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်းပေါင်း ၁၄ သင်းရှိပြီး လယ်ဧက ၂၆၃၅ ဧကရှိသည့်အနက် ကတုံးပေါ်အလယ်ကျေးရွာ ပစ်တိုင်းထောင်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၃၅ ဦး၏ စိုက်ဧက ၃၅၀ တွင် ဦးမြင့်သန်း၏ လယ်ဧက ၁၀ ဧကကို စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါး ၆၅ တင်း ထွက်ရှိသည်။

အဆိုပါ မိုးစပါးစတင်ရိတ်သိမ်းနေမှုကို သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အေး၊ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

Team Teenager အသင်းကို ရှစ်ဂိုး–သုံးဂိုး၊ Generations Youth အသင်းက Power HBI အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ JZ Yangon အသင်းက Team Greatest အသင်းကို ၁၀ ဂိုး– ဂိုးမရှိ၊ Red Eagle အသင်းက 16/1 အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရပြီး FCT Youth အသင်းနှင့် ဘူရှီဒိုလူငယ်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အောက်တိုဘာ ၁၁ ရက်က ကျင်းပသည့်ပွဲများတွင် ဟသ်ာအသင်းက Special One အသင်းကို ၁၃ ဂိုး–တစ်ဂိုး၊ ရန်ကုန်ဖူဆယ်အသင်းက Focus အသင်းကို ကိုးဂိုး–တစ်ဂိုး၊ Gold Dream အသင်းက Jullniss အသင်းကို ခုနစ်ဂိုး–ဂိုးမရှိ၊ YCDC Marga အသင်းက Rule Breakers အသင်းကို ရှစ်ဂိုး – တစ်ဂိုး၊ Golden Heart အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး – တစ်ဂိုး၊ Noka United အသင်းက Blaze Titans အသင်းကို ကိုးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး လေးသင်းရှစ်အုပ်စုခွဲ၍ ပြုလုပ်လျက်ရှိသည်။ အုပ်စုတတိယနေ့ပွဲစဉ်များကို အောက်တိုဘာ ၁၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံ ရန်ကုန် – မန္တလေးပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေးပြီး ရေစီးဆင်းမှု တစ်ဆက်တစ်စပ်တည်းဖြစ်စေရေးအတွက် မြောင်းများ ဆက်လက်တူးဖော်ဆောင်ရွက်နိုင်ရေးတို့ကို အမြန်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် ပေါင်းလောင်းလက်ယာ မြောင်းမကြီး RD-3200 ရေမြောင်းတာပေါင်အား နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ လယ်ရေထုတ်မြောင်းများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေများ အချိန်မီပေးဝေနိုင်ရေး တာဝန်ရှိသူများအားမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် သစ်ဆိမ့်ပင်ကျေးရွာနှင့် ပေါစံခေါ ကျေးရွာအကြားရှိသကြားစက်ရိုးချောင်း ရေစီးဆင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရိုးတစ်လျှောက် ရေစီးဆင်းမှုကောင်းမွန်စေရေးကို အမြန်ဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဆင်သေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းအတွင်း ရေများဝင်ရောက်ခဲ့မှုကြောင့် ယာယီပိတ်ထားရာမှ ကျောင်းပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း၊ ဆင်သေကျေးရွာအနီး မွန်းတည်ခွင် – ကျည်တောင် – ခေါမ – ညောင်ပင်သာတို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ တံတားအမှတ်(၂/၂၀) အောက် ရေစီးဆင်းမှုကောင်းမွန်စေရေးကိုလည်းကောင်း၊ ညနေပိုင်းတွင် လယ်ဝေးမြို့နယ် ပျံချီကျေးရွာသို့သွားရောက်ပြီး ကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းများကို ကျောက်ရောမြေ(ရိစာ) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ MSME ထုတ်ကုန် သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၂၄ ခုနှစ် သီတင်းကျွတ်ကာလ၌ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ MSME ထုတ်ကုန်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်များကို အားပေးမြှင့်တင်ရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်များ ချမှတ်ခဲ့ရာ အဆိုပါလမ်းညွှန်ချက်များကို အထောက်အကူဖြစ်စေမည့် ကဏ္ဍတစ်ရပ်အနေဖြင့်လည်းကောင်း၊ MSME ထုတ်ကုန်ဈေးရောင်းပွဲတွင် အဓိကထုတ်ကုန်များအပါအဝင် အခြားသော ထုတ်ကုန် အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်း ရောင်းချခြင်းဖြင့် မိမိတို့ထုတ်ကုန်များအား အချင်းချင်း ပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူ အားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ်အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ဈေးရောင်းပွဲတော်များ၊ စက်မှုထုတ်ကုန်များကို ရောင်းချခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ဈေးရောင်းပွဲတော် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန



(အဆောက်အအုံ) မှ ဌာနမှူး ဦးတင်မောင်ကြည်က ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး ဆိုင်ခန်းများ နေရာချထားနေမှုနှင့်ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၄၂၀ ခန့် ရောင်းချ ပေးသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း အလှူရှင်များ၏ နေ့စဉ်စတုဒိသာကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားလျက်ရှိသော အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ကဏ္ဍ အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့် သင်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ ကဏ္ဍအသိပညာပေး ဟောပြောပွဲကျင်းပသည်။

ဦးစွာ အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်များမှတစ်ဆင့် ရရှိနိုင်သည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ အကြောင်းနှင့် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ ကဏ္ဍ" ခေါင်းစဉ်ဖြင့် သန့်ရှင်းသည့် ရေ၊ အစားအစာနှင့် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် အစိမ်းရောင်နည်းပညာ မြှင့်တင်ခြင်း စသည့်ကဏ္ဍများတွင် အမျိုးသမီးများမှလည်း အမျိုးသားများနှင့်အတူ ပါဝင်ကြိုးပမ်း ဆောင်ရွက်နေမှုများ အကြောင်းကို အသိပညာပေး ဟောပြောသည်။



ထို့နောက် ပလတ်စတစ်သုံးစွဲမှုနှင့် စွန့်ပစ်မှုလျှော့ချနိုင်ရေး အသိပညာပေး နံရံကပ်ပိုစတာပြသခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ အကြောင်းအရာဖြင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

◆ *ကျော့ဖုံးမှ*

ခရီးသည် စီးနင်းမှုအနေဖြင့် ပဲခူး-ရန်ကုန်ခရီးစဉ်တွင် နေ့စဉ် ပျမ်းမျှရထားစီးခရီးသည် ၈၀၀ ခန့်နှင့် ရန်ကုန် – ပဲခူး ခရီးစဉ်တွင် ပျမ်းမျှခရီးသည် ၇၀၀ ကျော်ခန့် လိုက်ပါစီးနင်းလျက်ရှိရာ အောက်တိုဘာ ၂ ရက်မှ ယနေ့အထိ ၁၀ ရက်အတွင်း ခရီးသည် စုစုပေါင်း ၁၄၂၁၆ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

အဆိုပါ အမှတ်(၁၆) အစုန် ပဲခူး-ရန်ကုန် DEMU ရထားသည် ပဲခူးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး အမှတ်(၁၅) အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ည ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိသဖြင့် ပဲခူးမှ ရန်ကုန်သို့ အလုပ်သွားအလုပ်ပြန် အဆင်ပြေမှုရှိသည့်အပြင် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာတွင် ရပ်တန့်ပေးခြင်းကြောင့် လမ်းခရီးတွင် လိုက်ပါစီးနင်းကြသူများအတွက်ပါ အဆင်ပြေမှုရှိသည်။ ထို့ပြင် DEMUရထားတွဲဆိုင်းတွင် ခရီးသည်ရပ်စီး၊ ထိုင်စီး စုစုပေါင်း ၈၃၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ခရီးသွားလက်မှတ်ခအနေဖြင့် ခရီးစဉ်အစမှအဆုံးအထိ တစ်ဦးလျှင် ၂၅၀၀ ကျပ်နှင့် ခရီးတစ်ဝက် လိုက်ပါစီးနင်းပါက ၁၃၀၀ ကျပ်နှုန်း သတ်မှတ်ထားမှုကြောင့် ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည် စီးနင်းမှု များပြားလျက်ရှိသည်။

မြန်မာ့ မီးရထားအနေဖြင့် ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်နှင့်အညီ ခေတ်မီလူစီးတွဲများထုတ်လုပ်ခြင်း၊ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဘူတာရုံများ အဆင့်မြှင့်တင်ရေးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**


■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စုပေါင်းညီညွတ်ခြင်းအားဖြင့် လိုအပ်နေသောကွက်လပ်များ ဖြည့်ဆည်းပါ

ခန့်ဇော်(ကျေးလက်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ Social Policy and Poverty Research Group တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ စစ်တမ်းအရ ဆင်းရဲတဲ့ပြည်သူတွေ၊ လုပ်ကွက်ငယ်တောင်သူတွေဟာ ငွေကြေးအရင်းအနှီး လိုအပ်ကြောင်း၊ နည်းပညာလိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အခြားစစ်တမ်းတွေမှာလည်း ဒီလိုပဲ တွေ့ရတဲ့အတွက် လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ သွင်းအားစုများထောက်ပံ့နိုင်တဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့ နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍမှာ တောင်သူများရဲ့လိုအပ်ချက်ကို သိရှိပြီး ဖြည့်ဆည်းပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

### တောင်သူများရဲ့ လိုအပ်ချက်

တကယ်ကတော့ တန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်သူအားလုံးဟာ အရေးကြီးပါတယ်။ အခြေခံအကျဆုံး စိုက်ပျိုးထုတ်လုပ်သူများဟာ တောင်သူများဖြစ်ကြပါတယ်။ အထွက်တိုးဖို့ တောင်သူများအတွက် မျိုးကောင်းမျိုးသန့်ရဖို့ လိုအပ်ပါတယ်။ သွင်းအားစုမြေဩဇာလိုအပ်ပါတယ်။ နည်းပညာတွေ လိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့ကို သမားရိုးကျစနစ်မှ နည်းပညာအသုံးပြုခြင်း၊ စက်မှုလယ်ယာစနစ်အသုံးပြု၍ စိုက်ပျိုးခြင်း၊ ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်မှ အချိန်ကုန်သက်သာပြီး နည်းစနစ်မှန်မှန်၊ အလေအလွင့်နည်းနည်းနဲ့ အရည်အသွေးပြည့်မီတဲ့သီးနှံများ စိုက်ပျိုးထုတ်လုပ်လာနိုင်မှာ ဖြစ်ပါတယ်။

သွင်းအားစုဖြစ်တဲ့ မျိုးနဲ့ မြေဩဇာအတွက် အရင်းအနှီးလိုအပ်ပါတယ်။ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့အတွက် အရင်းအနှီးလိုပါတယ်။ နည်းပညာနဲ့ အသိပညာလည်း လိုအပ်ပါတယ်။ လိုအပ်ချက်အားလုံး ပြည့်စုံအောင် ဆောင်ရွက်နိုင်မှ အထွက်တိုးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကောင်းရရှိမယ့် ဈေးကွက်ရှိဖို့လည်း လိုအပ်ပါတယ်။

### ဘယ်သူတွေက ပံ့ပိုးပေးမှာလဲ

နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရှင်သန်ဖွံ့ဖြိုးရပ်တည်နိုင်အောင် စီးပွားရေးဆိုင်ရာမူဝါဒများ ချမှတ်ပြီး ထိန်းကျောင်းပေးရပါတယ်။ ဆန်စက်များ၊ ဆီစက်များ၊ သိုလှောင်ရုံများ စတဲ့ကဏ္ဍအလိုက် ဆောင်ရွက်ရန် လိုအပ်တဲ့ Facility များကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံပြီး ယင်းတို့အတွက်လိုအပ်တဲ့ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာ၊ သား၊ ငါး စတဲ့ကုန်ကြမ်းများကို စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူများထံမှ ဝယ်ယူရတာဖြစ်လို့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ တောင်သူများ အကျိုးတူ ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါဟာလည်း အစုအဖွဲ့စနစ်၊ ပူးပေါင်းဆောင်ရွက်တဲ့စနစ်ဖြစ်လို့ သမဝါယမစနစ်ပါပဲ။

တောင်သူများရဲ့ လိုအပ်ချက်ဖြစ်တဲ့ ငွေကြေးအရင်းအနှီး၊ မျိုးနဲ့ သွင်းအားစုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ထောက်ပံ့ပေးပါတယ်။ စိုက်ပျိုးရေးဘဏ်မှလည်း နှစ်စဉ်သီးနှံအလိုက် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း (MSY)၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) တို့ကနေလည်း ငွေကြေးအရင်းအနှီး ရရှိနိုင်ပါတယ်။ သမဝါယမအသင်းများထံမှလည်း မျိုး၊ သွင်းအားစုနဲ့ အရင်းအနှီးရရှိနိုင်ပါတယ်။ MSME လုပ်ငန်းများအတွက် ပုဂ္ဂလိကချေးငွေနဲ့ MSME ချေးငွေများ၊ အခြားချေးငွေများကနေ အရင်းအနှီးရရှိနိုင်ပါတယ်။

### ကွက်လပ်ဖြည့်၊ ပေါင်းကူးပေး

မြန်မာနိုင်ငံမှာ မိုးစပါးစိုက်ပျိုးဧက ၁၃၆၁၀၉၂ ဒသမ ၇၃ ဧက၊ နှမ်းစပါးစိုက်ဧက ၄၅၇၀၈ ဧက၊ ဆောင်းသီးနှံစိုက်ဧက ၁၁၆၈၃ ဒသမ ၇၂ ဧကခန့် ရတယ်လို့ သိရပါတယ်။ လိုအပ်ချက်ပမာဏ ကြီးမားတဲ့အတွက် အစိုးရချေးငွေတစ်ခုတည်းဖြင့် မလုံလောက်နိုင်ပါ။ ဒါ့ကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။

> ❖ **ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စားသုံးသူများ မထိခိုက်အောင်၊ စားသုံးသူကို ရှေးရှုရမယ့်အပြင် ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိသလို ဝန်ဆောင်မှုလည်းကောင်းအောင်၊ ဈေးနှုန်းလည်းသက်သာအောင် ဆောင်ရွက်ကြဖို့နဲ့ နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံအတွက် အခက်အခဲကြုံနေချိန်မှာ မတော်လောဘများမရှိဖို့၊ နိုင်ငံအတွက်၊ ပြည်သူအတွက် အနစ်နာခံဆောင်ရွက်ကြဖို့ လိုပါတယ်။ နိုင်ငံတော်ကလည်း လုပ်သာကိုင်သာရှိသော Win - Win Situation အခြေအနေ၊ မူဝါဒ လမ်းညွှန်ချက်များ ပြောင်းလဲဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်**

ပုဂ္ဂလိကကဏ္ဍအနေနဲ့က လိုအပ်တဲ့ အရင်းအနှီးကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံတော်အစိုးရပိုင်ဘဏ်များထံမှ ရယူနိုင်ပါတယ်။ တောင်သူများရဲ့ လိုအပ်ချက်များကို အစိုးရစိုက်ပျိုးရေးဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီမံကိန်းများမှ ဖြည့်ဆည်းဆောင်ရွက်နေသလို လိုအပ်ချက်ရှိပြီး ဝန်ဆောင်မှုမရရှိသော တောင်သူများကိုလည်း သမဝါယမစနစ်ဖြင့် စုဖွဲ့စေပြီး အရင်းအနှီး သွင်းအားစု၊ နည်းပညာ၊ ဈေးကွက် စသည့်လိုအပ်နေတဲ့ ကွက်လပ်များကို သမဝါယမကဏ္ဍကနေ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ အောက်ခြေအဆင့်အထိ တောင်သူပေါင်းများစွာနဲ့ ချိတ်ဆက်မိဖို့ဆိုတာ ခက်ပါတယ်။ ဒါကြောင့် သမဝါယမဦးစီးဌာနအနေနဲ့ တောင်သူများကို အစုအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကနဲ့ ချိတ်ဆက်ပေးခြင်း၊ တောင်သူများကို သမဝါယမအခြေခံအသင်းများ ဖွဲ့စည်းပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ တောင်သူများအကြား ပေါင်းကူးချိတ်ဆက်ပေးတာဖြစ်ပါတယ်။

### ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဘယ်လိုကူညီမလဲ

ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်းဖြစ်အောင် ထိန်းကျောင်းပေးပြီး နိုင်ငံအတွက် အကျိုးရှိသလို လုပ်ငန်းရှင်အတွက်လည်း အကျိုးရှိ၊ ပြည်သူများအတွက်လည်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုများ ပေးစွမ်းနိုင်မယ့်မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ကူညီရမှာ ဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ မမျှော်မှန်းနိုင်တဲ့ ကိစ္စရပ်တွေ၊ အခြေအနေတွေဆိုတာ ရှိတတ်ပါတယ်။ ကြုံရတတ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ အစိုးရဌာနများအနေနဲ့ ပုဂ္ဂလိကနဲ့ ညှိနှိုင်းဆောင်ရွက်ရတာတွေ၊ ပုဂ္ဂလိကမှ တင်ပြလာတာတွေကို နားထောင်ပေးပြီး အခြေအနေတွေအရ ပြုပြင်ပြောင်းလဲဆောင်ရွက်ရတာတွေရှိနိုင်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ အဆင်ပြေအောင်၊ လုပ်ငန်းစဉ်တွေ မြန်ဆန်အောင် အစိုးရဌာနများက Ease of doing business ဖြစ်အောင် ဆောင်ရွက်ပေးရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စားသုံးသူများ မထိခိုက်အောင်၊ စားသုံးသူကိုရှေးရှုရမယ့်အပြင် ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိသလို ဝန်ဆောင်မှုလည်းကောင်းအောင်၊ ဈေးနှုန်းလည်းသက်သာအောင် ဆောင်ရွက်ကြဖို့နဲ့ နားလည်မှုရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံအတွက် အခက်အခဲကြုံနေချိန်မှာ မတော်လောဘများမရှိဖို့၊ နိုင်ငံအတွက်၊ ပြည်သူအတွက် အနစ်နာခံ ဆောင်ရွက်ကြဖို့ လိုပါတယ်။ နိုင်ငံတော်ကလည်း လုပ်သာကိုင်သာရှိသော Win – Win Situation အခြေအနေ၊ မူဝါဒလမ်းညွှန်ချက်များ ပြောင်းလဲဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

### တောင်သူတွေကို ဘယ်လိုကူညီကြမလဲ

တောင်သူတွေကိုတော့ အစိုးရဌာနများက ဝန်ဆောင်မှုပေးကြရမှာဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုစနစ် (Contract Farming)လိုမျိုး ချိတ်ဆက်ကူညီပေးရမှာ ဖြစ်ပါတယ်။ ဘာတွေလိုအပ်သလဲဆိုရင် အသိပညာ၊ ဗဟုသုတ၊ အရင်းအနှီးတို့ပဲ ဖြစ်ပါတယ်။ ဘယ်လိုအရင်းအနှီးလဲဆိုရင် သွင်းအားစုအတွက် အရင်းအနှီး၊ စက်ပစ္စည်းအတွက် အရင်းအနှီးနဲ့ ဈေးကွက်ချိတ်ဆက်ပေးဖို့တို့ပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနများက နည်းပညာနဲ့ ဗဟုသုတကို တောင်သူများ နားလည်သိရှိလာအောင် ထပ်ကာထပ်ကာ ပညာပေးလုပ်ငန်းစဉ်များ လုပ်ပေးရပါမယ်။ လက်တွေ့လုပ်ဆောင်ပြရပါမယ်။ လက်တွေ့လုပ်ပြပြီး ၎င်းတို့အကျိုးရှိမှ လိုက်လုပ်ကြမှာဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးကို အစိုးရနဲ့ ပုဂ္ဂလိကမှ မျှဝေတာဝန်ယူကြရပါတယ်။ ရာသီအလိုက် ပြန်ဆပ်နိုင်အောင်လည်း စီမံကြရပါမယ်။ တောင်သူတွေရဲ့ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်လာအောင်လည်း သင်ကြားပေးရပါမယ်။ စည်းရုံးရမယ်။ လမ်းပြကြရပါမယ်။ ချေးငွေဆိုတာ ဆပ်ရမယ်။ ကျေအောင်ဆပ်မှ တာဝန်ကျေတယ်။ တာဝန်ကျေတဲ့ နိုင်ငံသားဖြစ်ရမယ်။ တာဝန်ကျေအောင်၊ ဂုဏ်ယူတတ်အောင် လေ့ကျင့်သင်ကြားပေးရမယ်။

စက်မှုလယ်ယာဝန်ဆောင်မှုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလယ်အလတ်လုပ်ငန်းရှင်များ၊ တောင်သူများကိုယ်တိုင် ရင်းနှီးမြှုပ်နှံပြီး တောင်သူများကို ဝန်ဆောင်မှုပေးနိုင်ဖို့ အစိုးရက မူဝါဒချမှတ် ဆောင်ရွက်သင့်ပါတယ်။ သိုလှောင်ရုံစနစ်များ မှတစ်ဆင့် အရည်အသွေးအာမခံမှုရှိသော ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးသင့်ပါတယ်။ ဈေးကွက်၊ နည်းပညာ၊ သွင်းအားစုနဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများကို တောင်သူများရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ လက်ရှိမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ ခေတ်မီစံပြကျေးရွာစီမံကိန်းရဲ့ Smart Village App မှာ ဒီသတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီပေးနိုင်ဖို့ စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

### အခြေခံအဆောက်အအုံလိုအပ်ချက်

ကျေးရွာတွေဆီ ရောက်သွားတဲ့အခါ စိုက်ပျိုးရေး၊ မွေးမြူရေးထက် လမ်း၊ ရေ၊ မီး၊ စာသင်ကျောင်း၊ ဆေးခန်း စတဲ့အခြေခံအဆောက်အအုံလိုအပ်ချက်တွေကိုသာ အများစုသော (၉၀ ရာခိုင်နှုန်းကျော်) က တင်ပြကြတာတွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အပေါ် မူတည်ပြီး ဌာနဆိုင်ရာတွေက နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်မျှော်မှန်းချက်တွေ ထားပြီး လျာထားဆောင်ရွက်ပေးနေပေမယ့် လိုအပ်ချက်တွေ ရှိနေဆဲဖြစ်ပါတယ်။ တင်ပြချက်ကိုလိုက်ပြီး စာရေးသူတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်တာတွေကို ချက်ချင်းအဖြေပေး၊ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပေမယ့် အခြားဝန်ကြီးဌာနတွေနဲ့ဆိုင်တဲ့ ကိစ္စရပ်ဆိုရင်တော့ ညှိနှိုင်းပေါင်းစပ်ပေးခြင်းကိုပဲ ဆောင်ရွက်ပေးနိုင်ပါတယ်။ အဲဒီလို ညှိနှိုင်းပေးလို့၊ ပေါင်းစပ်ပေးလို့၊ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကမ်းလှမ်းပေးတာတွေနဲ့ ပြေလည်သွားတာတွေလည်း ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း လုပ်ပေးနိုင်မယ့်အစီအစဉ်တွေကို ပြန်ကြားဖြေရှင်း ဆောင်ရွက်ပေးကြပါတယ်။ အခြေခံအဆောက်အအုံလိုအပ်ချက်နဲ့ ပတ်သက်ပြီး အကြီးစားမဟုတ်ဘဲ ကျေးရွာအတွင်း ဆောင်ရွက်တဲ့ လမ်းတွေ၊ စာသင်ကျောင်း၊ ဆေးပေးခန်း ပြင်ဆင်တာတွေနဲ့ အဆောင်သစ်တိုးခဲ့တာတွေ၊ စာကြည့်တိုက်၊ ကျေးရွာခန်းမ တည်ဆောက်တာအပါအဝင် ရွာတိုင်း ၄၀၀ ဗို့အားလိုင်းဆွဲတာ၊ ဓာတ်တိုင်တွေ အသစ်လဲလှယ်၊ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်တာတွေကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan–VDP) အစီအစဉ်နဲ့ ကျေးရွာပြည်သူအတူ ပူးပေါင်းဆောင်ရွက်တဲ့နည်းလမ်းနဲ့ ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

VDP စီမံကိန်းမှာ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်ကို ကျေးရွာနေပြည်သူများကိုယ်တိုင် ပါဝင်ဖော်ထုတ်ပြီး စီမံချက်ရေးဆွဲကာ ဦးစားပေးကဏ္ဍအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျေးရွာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်လို့ ကျေးရွာမှရွေးချယ်တဲ့ အခြေခံအဆောက်အအုံအသေးစားများကို ဆောင်ရွက်ပေးနိုင်ပါတယ်။ နိုင်ငံတော် ဘတ်ဂျက်လည်း ပါဝင်ပါတယ်။ ဒါဟာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာနဲ့ ပြည်သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုရလဒ်ပဲဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂)ခုရှိရာ အောက်တိုဘာ ၁၁ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် (၃ ဒသမ ၈၀ )ပေ ကန်ရေပြည့် အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ (၀ ဒသမ ၀၅) ပေ လျော့နည်းခြင်း ဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ် အထက်တွင် HED ရေတံခါး(၄)ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၁.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၈၈၅၂ | ၆၂၇.၁၉ | ၅၆၅၅၅၂ | ၁၂၈၆၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၀ | ၁၆၂၁၈ | - | ၆၂၇.၂၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၈၅ | ၆၂၆.၀၀ | ၂၇၂၆၀ | - | ၉.၀၀ | ၉၂၄၀ | - | - | ၀.၂၀ | ၆၂၅.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၆၁ | ၅၁၉.၁၀ | ၈၉၁၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၀ | ၁၀၄၅၂ | ၇ | ၂.၅၀ | ၁၈၀၅ | - | - | - | ၅၀၉.၅၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၉၁ | ၄၃၈.၆၈ | ၇၂၀၄၀ | ၃၃၈ | ၀.၃၂ | ၉၆၀ | - | - | - | ၄၃၈.၇၆ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၆ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၂၉ | ၇၇၅၂ | ၈ | ၁.၇၁ | ၉၆၆ | - | - | - | ၄၁၆.၃၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၅ | ၇၀၃.၆၀ | ၁၀၇၉၇၃ | ၂ | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၀၀ | ၁၀၄၂၂ | ၇၁ | ၆.၀၀ | ၄၁၇၈ | - | - | - | ၈၆၄.၁၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

**မှတ်ချက်** - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ် ထောင်ထားပါသည်။

*စာမျက်နှာ ၁၀ မှ*

**ပူးပေါင်းဆောင်ရွက်ခြင်း**

စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်လို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးဖို့ အလွန်အရေးကြီးတဲ့အတွက် တောင်သူများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာမှာ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရပါတယ်။ ပုဂ္ဂလိကနဲ့ တောင်သူများ ပူးပေါင်းဆောင်ရွက်ရပါတယ်။ ပုဂ္ဂလိကအချင်းချင်း၊ တောင်သူများအချင်းချင်း၊ အစိုးရဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှသာ လိုချင်တဲ့ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရာမှာ အဆင်ပြေစေဖို့ ကဏ္ဍအလိုက် Focal တာဝန်ခံအဖြစ် တာဝန်ယူကြတဲ့ ဌာနများ၊ အဖွဲ့အစည်းများက ဦးဆောင်ပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရပါတယ်။

**ထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှု**

ဒီလို ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ထိရောက်အောင်မြင်တဲ့ပူးပေါင်းဆောင်ရွက်မှု၊ ရလဒ်ကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပူးပေါင်းဆောင်ရွက်သူအားလုံး စိတ်ကျေနပ်မှုရရှိပြီး အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုးဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုရှိရမှာဖြစ်ပြီး အစိုးရဌာနများမှ တာဝန်ရှိသူဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ၊ တောင်သူများအားလုံးအနေနဲ့ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ကြရမှာဖြစ်လို့ စိတ်စေတနာနဲ့ တာဝန်သိစိတ်အရ၊ နိုင်ငံချစ်စိတ်အရ၊ နိုင်ငံသားကောင်းစိတ်ဓာတ်အရ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အလေးထားရမည့် စိတ်ဓာတ်တွေကတော့-

(က) **အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်မှု။** ။ အပြုသဘောဆောင်သည့်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ကို အရင်းခံရမည်။ ပြဿနာဖန်တီးလိုစိတ်မရှိရ။

(ခ) **လေးစားမှု။** ။ တစ်ဦးချင်းစီ၏ အမြင်၊ အယူအဆနှင့် အတွေ့အကြုံများကို လေးစားရပါမည်။

(ဂ) **နားထောင်ခြင်း။** ။ အခြားသူများ၏ ထုတ်ဖော်ပြောဆိုချက်များကို တက်ကြွစွာ နားထောင်ခြင်း၊ သဘောထားကွဲလွဲချက်များကို နားလည်ရန် ကြိုးစားခြင်း။

(ဃ) **ပွင့်လင်းမြင်သာမှု။** ။ ဆောင်ရွက်မှုတိုင်းကို ပွင့်လင်းမြင်သာစွာ ပြသနိုင်ခြင်း။ စစ်ဆေးခံနိုင်ခြင်း။ မျှဝေနိုင်ခြင်း။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း။

(င) **ယုံကြည်မှုနှင့် ယုံကြည်စိတ်ချမှု။** ။ မိမိဆောင်ရွက်ချက်များကို ယုံကြည်မှုရရှိအောင်ကြိုးစားပြီးအခြားသူများကိုလည်း ယုံကြည်စိတ်ချရသော အဖွဲ့ဝင်များအဖြစ် ချီးမြှောက်ခြင်း။

(စ) **ဆက်သွယ်ပြောဆိုမှု ထိရောက်မှု။** ။ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသောအကြောင်းအရာများကို ပွင့်လင်းချောမွေ့စွာ ဆက်သွယ်ပြောဆိုခြင်း။

(ဆ) **ရိုးသားမှု။** ။ မိမိအမြင်နှင့် ယူဆချက်များကို ရိုးသားစွာဖော်ပြခြင်း၊ ဆောင်ရွက်မှုတိုင်း ရိုးသားမှုရှိခြင်း။

(ဇ) **တန်ဖိုးထားမှု။** ။ အခြားသူများ၏ အထောက်အကူပြုမှုကိုတန်ဖိုးထားခြင်းနှင့် အပြန်အလှန် တန်ဖိုးထားဆက်ဆံခြင်း။

(ဈ) **ပြန်လည် အပြန်အလှန်တုံ့ပြန်မှု။** ။ အခက်အခဲရှိသည့်အခါတွင် သင့်တော်သော ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ခြင်း၊ အကူအညီပေးခြင်း၊ ပြဿနာဖြေရှင်းရာတွင် အတူတကွ ဆောင်ရွက်ခြင်း။

**အကျိုးကျေးဇူးများ**

လုပ်ငန်းနယ်ပယ်တူ၊ စိတ်တူကိုယ်တူများ ပူးပေါင်းဆောင်ရွက်ခြင်းဟာ သမဝါယမစနစ်ရဲ့ အခြေခံအကျဆုံး သဘောတရားဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုရဲ့ အကျိုးကျေးဇူးတွေက အသင်းသားတောင်သူများကို ဝန်ဆောင်မှု ပိုမိုပံ့ပိုးပေးနိုင်ခြင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်တဲ့ အထောက်အပံ့၊ အကူအညီတွေကို ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထဲမှ လွယ်ကူချောမွေ့စွာ ချိတ်ဆက်ရယူနိုင်ခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို စုပေါင်းဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း၊ ဈေးကွက်ချိတ်ဆက်မှု သေချာစေခြင်းနဲ့ ဈေးနှိမ်၊ ဈေးဖြတ်ခြင်းတို့မှ ကင်းဝေးစေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု ကောင်းမွန်ခြင်း၊ အရည်အသွေးမြှင့်တင်နိုင်ခြင်း၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်း မြှင့်တင်နိုင်ခြင်း၊ လုပ်ငန်းစဉ်များကို မြန်ဆန်သွက်လက်ချောမွေ့အောင် ဆောင်ရွက်နိုင်ခြင်း၊ သင်ယူလေ့လာနိုင်စွမ်း မြှင့်တင်နိုင်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများရဲ့ ရည်မှန်းချက်များ ထိရောက်အောင်မြင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမိမြန်မာနိုင်ငံရဲ့ အဓိကလိုအပ်နေတဲ့ ကွက်လပ်တွေက ဘာတွေဖြစ်မလဲ။ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေး စတာတွေပဲပေါ့။ ဒီကွက်လပ်တွေကို ဘယ်လိုဖြည့်ဆည်းကြမလဲ။ နိုင်ငံကို ဖျက်ဆီးဖို့ ဝန်းရံနေတဲ့ ပြည်တွင်း ပြည်ပရန်တွေကို ဘယ်လိုကာကွယ်တားဆီးကြမလဲ။ နိုင်ငံသားခံယူထားသူတိုင်း တာဝန်ရှိတာပေါ့။ အဖွဲ့အစည်းအားလုံးရဲ့ ခေါင်းဆောင်များမှာ တာဝန်ရှိတာပေါ့။ နိုင်ငံသားတိုင်းမှာ ကိုယ့်နိုင်ငံ ပိုမိုကောင်းမွန်ဖွံ့ဖြိုးအောင် ကြိုးစားရမယ့်တာဝန် ရှိပါတယ်။ နိုင်ငံသားတစ်ဦးစီတိုင်း ထားရှိသင့်သောစိတ်ဓာတ်တွေက-

(က) တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့် တရားမျှတမှုရှိခြင်း၊

(ခ) မိမိရဲ့လုပ်ရပ်သည် နိုင်ငံနှင့် ပြည်သူအတွက် ဘေးအန္တရာယ်မဖြစ်စေရန် သေချာမှု ရှိခြင်း၊

(ဂ) ကောင်းမွန်သည့် လူမှုဘဝအတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာခြင်း၊

(ဃ) လူမှုအဖွဲ့အစည်းအတွင်း ကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် မိမိတာဝန်ရှိသောကဏ္ဍမှ ပညာပေးခြင်း၊ ပံ့ပိုးပါဝင်ဆောင်ရွက်ခြင်း၊

(စ) ကိုယ့်နိုင်ငံအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားခြင်း စတာတွေဖြစ်ပါတယ်။

ဤသို့သော ထားရှိသင့်တဲ့ စိတ်ထားများရှိရမယ့်အပြင် မိမိကိုယ်တိုင်၊ မိမိရဲ့မိသားစု၊ မိမိအဖွဲ့အစည်းနဲ့ မိမိနိုင်ငံအတွက် ကောင်းမွန်တိုးတက်စေတာတွေကို ဆောင်ရွက်ရန်၊ ဥပဒေစည်းမျဉ်း စည်းကမ်းတွေ လိုက်နာရန်၊ အခွန်ပေးဆောင်ရန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်စေသောလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ရန်၊ မဲပေးရန်၊ လူမှုဆက်ဆံရေးစည်းကမ်းများ လိုက်နာရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နဲ့ လိုအပ်ပါက နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပါဝင်ထမ်းရွက်ရန် စတဲ့နိုင်ငံသားတာဝန်တွေကို နိုင်ငံသားတိုင်း သိရှိလိုက်နာကြဖို့ လိုအပ်ပါတယ်။ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိပြီး နိုင်ငံသားတာဝန်ကျေပွန်ကြရင် ဘယ်လိုအခက်အခဲ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်ပါတယ်။ လိုအပ်နေတဲ့ ကွက်လပ်တွေကို နိုင်ငံကိုချစ်တဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စုပေါင်း“**အား**”နဲ့ ဖြည့်ဆည်းကြပါစို့။ စည်းလုံးညီညွတ်ခြင်း“**အား**”နဲ့ ဘေးအန္တရာယ်အပေါင်းကို စုပေါင်းကာကွယ်ကြပါစို့ဟု တိုက်တွန်းရင်း...။ ။

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေး၊ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ၊ လေ့လာရေးခရီးများသွားရောက်၊ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) ကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။


အစည်းအဝေးအား သဘာပတိ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ဦးဆောင်၍ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် အာဆီယံရေတပ်ဦးစီးချုပ်များအတွက် Welcome Video Clip အားပြသသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက်အစီအစဉ်အရ ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သော "ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီ လှော်ခတ်ခြင်း" Sailing Together: Harmony to Peace and Prosperity အား အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရေတပ်ဦးစီးချုပ်များ၊ ဒုတိယရေတပ်ဦးစီးချုပ်များနှင့် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန၊ ဒုတိယအကြီးအကဲတို့က နိုင်ငံအလိုက် ဆွေးနွေးခဲ့ကြပြီး စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံမှ ရေတပ်ဦးစီးချုပ်များက Video Tele-Conference(VTC) ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံမှ ရေတပ်ဦးစီးချုပ်များက Video Message ပေးပို့၍ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် သတင်းအချက်အလက် ဖလှယ်ခြင်းအစီအစဉ်နှင့် အနာဂတ်တွင် ဆောင်ရွက်မည့်အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအား အတည်ပြုကြသည်။

ဆက်လက်၍ သဘာပတိကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း ထိုင်းနိုင်ငံမှ ရေတပ်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း က အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား နှစ်နိုင်ငံ သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံရေတပ်များအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံအဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံ ရေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့များသည်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြသည်။

**တာဝန်လွှဲပြောင်းပေးအပ်**

ညပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး (18th ANCM) သို့တက်ရောက်လာကြသည့် ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက တည်ခင်းဧည့်ခံသောဂုဏ်ပြုညစာစားပွဲကို နေပြည်တော်ရှိ M- Gallery Hotel ၌ ပြုလုပ်ရာ အာဆီယံနိုင်ငံများမှ ရေတပ်အကြီးအကဲများ၊ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြသည်။ ညစာစားပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၉) ကြိမ်မြောက် အစည်းအဝေး၏ အလှည့်ကျ အိမ်ရှင်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အား တာဝန်လွှဲပြောင်းပေးအပ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာ့ပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်းနှင့် ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခြင်း၊ ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် M-Gallery Hotel ၌ ရေတပ်စခန်း ဌာနချုပ်များမှ ခင်းကျင်းပြသထားသော အမှတ်တရပစ္စည်းအရောင်းဆိုင်များအား ကြည့်ရှုလေ့လာခြင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးနှင့် Junction City များသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Navy Chiefs' Meeting (18th ANCM) သို့ တက်ရောက်ခဲ့ကြသော အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် နေပြည်တော်မှ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leap-motor C11 နှင့် MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လာအိုနိုင်ငံ၌ ကျောင်းထွက်နှုန်းမြင့်မားမှုနှင့် ဆရာရှားပါးမှုကို ဖြေရှင်းနိုင်ရေး စီစဉ်ဆောင်ရွက်



လာအိုနိုင်ငံ စာသင်ခန်းတစ်ခုအတွင်း စာသင်ကြားနေမှုကို တွေ့ရစဉ်။

**ဗီယင်ကျန်း အောက်တိုဘာ ၁၁**
လာအိုပညာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံအတွင်း ကျောင်းဆရာရှားပါးမှုနှင့် ကျောင်းသားများ ကျောင်းထွက်နှုန်းမြင့်မားမှုကို ဖြေရှင်းရန်အတွက် မူဝါဒများကို ထုတ်ပြန်သွားမည်ဖြစ်သည်။

လာအိုနိုင်ငံ ပညာရေးဌာနက ကျောင်းတက်ရောက်မှုနှုန်းတိုးတက်စေရေးအတွက် သင်တန်းများ ပိုမိုဖွင့်လှစ်သွားရန်နှင့် ရွေးချယ်စရာများ စိတ်ကြိုက်ပေးဆောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းပညာရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကဏ္ဍများ လက်တွဲလုပ်ဆောင်ရန် ညွှန်ကြားချက်ကို အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်သည်။

ကျောင်းသားများကို ပညာသင်ကြားရင်းဝင်ငွေရရှိစေမည့် လေ့ကျင့်ရေးအစီအစဉ်နှစ်ခုတစ်ပြိုင်တည်း သင်ယူခွင့်ရရှိစေရေး၊ ချို့တဲ့ကျောင်းသားများအား ပညာသင်ဆုချီးမြှင့်ပေးအပ်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနှင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ပိုမို အားပေးလုပ်ဆောင်ရန် ဝန်ကြီးဌာနက အကြံပြုထားသည်။

ကျောင်းသား ကျောင်းထွက်နှုန်း မြင့်မားခြင်းနှင့် ပတ်သက်၍ လာအိုနိုင်ငံရှိ ကျောင်းသားများအတွက် ပညာသင်ဆုများ ပိုမိုပေးအပ်ရန်နှင့် လူငယ်များအား အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးသင်တန်းများတွင် စာရင်းသွင်းရန်အတွက် လှုံ့ဆော်အားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများမြှင့်တင်ရေး စီစဉ်လျက်ရှိသည်။ ကျောင်းဆရာရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်ရန် အစိုးရက သင်ကြားရေးဝန်ထမ်းများကို ပိုမိုပံ့ပိုးပေးနိုင်ရန်နှင့် စေတနာ့ဝန်ထမ်းဆရာများအဖြစ် လက်ရှိလုပ်ကိုင်နေသူများအား တရားဝင် အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်နိုင်ရေး ရာထူးခွဲတမ်းများ တိုးမြှင့်ပေးမည်ဖြစ်သည်။

**ဆင်ဟွာ**

## ဆူဒန်ဒုက္ခသည် ငါးသိန်းကျော်ကို တောင်ဆူဒန်တွင် လက်ခံထား

**ဂျူဘား အောက်တိုဘာ ၁၁**
တောင်ဆူဒန်နိုင်ငံရှိ ဒေသများတွင် အိမ်နီးချင်းဆူဒန်မှ ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးလာသူအရေအတွက် ငါးသိန်းကျော်အထိ လက်ခံထားရကြောင်း ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာအေဂျင်စီက အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ အရေအတွက်သည် ယမန်နှစ်ကထက် နှစ်ဆနီးပါး တိုးလာခဲ့ခြင်းဖြစ်ပြီး ဒေသတွင်း ပဋိပက္ခများ၏ ပြင်းထန်သည့် ဆိုးကျိုးသက်ရောက်မှုကိုသက်သေပြနေကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ တောင်ဆူဒန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မေရီဟယ်လင်ဗာနေးက ပြောကြားသည်။

၂၀၂၃ ခုနှစ် ဧပြီလလယ်က ဆူဒန်တွင် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ထွက်ပြေးလာသူ စုစုပေါင်း ၈၁၀၀၀၀ ကျော်ရှိပြီး တောင်ဆူဒန်တွင် ဒုက္ခသည်အရေအတွက် ဒုတိယအများဆုံး လက်ခံထားရကြောင်း ဗာနေးက အလေးအနက်ပြောကြားသည်။

တောင်ဆူဒန်ရှိ ဒုက္ခသည်ဦးရေသည် ၁၈ လအတွင်း နှစ်ဆနီးပါးတိုးလာခဲ့ပြီး ဆူဒန်ပဋိပက္ခသည် ဒေသတွင်းရှိ အခြားနိုင်ငံများထက် တောင်ဆူဒန်ကို ပိုမိုပြင်းထန်စွာ သက်ရောက်မှုရှိသဖြင့် စိန်ခေါ်မှုများစွာ တိုးလာစေကြောင်း တောင်ဆူဒန်နိုင်ငံမြို့တော် ဂျူဘားတွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အဆိုအရ တောင်ဆူဒန်ရှိ ဒုက္ခသည်အားလုံး၏ ထက်ဝက်ကျော်သည် လက်ရှိတွင် မာဘန်ဒေသ၌ လက်ခံထားပြီး အခြားဒုက္ခသည် ၁၃၅၀၀၀ မှာလည်း ရူဝမ်အုပ်ချုပ်ရေးနယ်မြေတွင် ရောက်ရှိနေကြသည်။

ဆူဒန်တွင် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းသည် ထောက်ပံ့ရေး လမ်းကြောင်းများနှင့် ရေနံတင်ပို့မှုကို ကြီးမားစွာ အနှောင့်အယှက်ဖြစ်စေပြီး ငွေကြေးဖောင်းပွမှု၊ စားနပ်ရိက္ခာ အပါအဝင် မရှိမဖြစ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်တက်လာမှုနှင့်အတူ အိမ်ရှင်နိုင်ငံသားများနှင့် ဒုက္ခသည်များအပါအဝင် တောင်ဆူဒန်ရှိ လူဦးရေစုစုပေါင်း၏လေးပုံသုံးပုံသည် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အရေးပေါ်လိုအပ်လျက်ရှိသည်။

**ဆင်ဟွာ**



## တက်စလာကုမ္ပဏီက မောင်းသူမဲ့စက်ရုပ်တက္ကစီ စမ်းသပ်ယာဉ်ကို ပြသ



**နယူးယောက် အောက်တိုဘာ ၁၁**
အမေရိကန် လျှပ်စစ်ကားကုမ္ပဏီကြီးဖြစ်သည့် တက်စလာသည် ယာဉ်မောင်းမလိုသည့် စက်ရုပ်တက္ကစီစမ်းသပ်ယာဉ်ကို ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါတက္ကစီတွင် စတီယာရင်နှင့် ခြေနင်းများ မပါဝင်ချေ။ တက်စလာက ထုတ်ဖော်ပြသသည့် လျှပ်စစ်ကား စမ်းသပ်ယာဉ်ကို ဆိုက်ဘာကပ်ဘ်ဟု အမည်ပေးထားပြီး အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဘားဘန့်ခ်ရှိ စတူဒီယိုတွင် အောက်တိုဘာ ၁၀ ရက်က ပြသခဲ့သည်။ တက်စလာစီအီးအို အီလွန်မက်ခ်စ်က အဆိုပါကားအတွင်းလိုက်ပါခဲ့သည်။

ကုမ္ပဏီသည် ထိုင်ခုံနှစ်ခုပါ အပြည့်အဝအလိုအလျောက်မောင်းနှင်နိုင်သော တက္ကစီကို အမေရိကန်ဒေါ်လာ ၃၀၀၀၀ အောက်ဈေးနှုန်းဖြင့် ရောင်းချရန် မျှော်မှန်းထားပြီး ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ထုတ်လုပ်မှုများစတင်မည်ဟု ရည်ရွယ်ထားကြောင်း တက်စလာစီအီးအိုက ပြောသည်။

တက်စလာသည် ယခင်ကလည်း လျှပ်စစ်ကားဝယ်လိုအားကိုတိုးမြှင့်ရန် တန်ဖိုးနည်း မော်ဒယ်ထုတ်လုပ်ရန် ပြောကြားခဲ့ဖူးသည်။ တက်စလာကုမ္ပဏီသည် ယခုအခါ မောင်းသူမဲ့တက္ကစီများ ထုတ်လုပ်ရန် အာရုံစိုက်နေသည်။

**အင်န်အိတ်ချ်ကေ**

## အာဖရိက၌ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၁၀၀၀ နီးပါးရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၁၁**
အာဖရိက၌ လက်ရှိဖြစ်ပွားနေသည့် မျောက်ကျောက်ရောဂါကြောင့် ၂၀၂၄ ခုနှစ် အစောပိုင်းမှစတင်ကာ သေဆုံးသူ ၉၇၉ ဦးရှိပြီဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ)၏ ပြောကြားချက်အရ သိရသည်။

ရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၈၃၀၀ ရှိပြီး ၎င်းတို့ထဲတွင် အတည်ပြုလူနာ ၇၃၃၉ ဦး ပါဝင်သည်ဟု သိရသည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်း နောက်ထပ်လူနာ ၃၁၈၆ ဦး ထပ်တိုးလာကြောင်း အောက်တိုဘာ ၁၀ ရက်က ပြုလုပ်သည့် အွန်လိုင်းမီဒီယာသတင်းစာရှင်းလင်းပွဲ၌ အာဖရိကစီဒီစီ၏ ညွှန်ကြားရေးမှူးချုပ် ဂျင်းကက်ဆီယာက ပြောသည်။

မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုမှာ အာဖရိကတိုက်တစ်လွှား စိုးရိမ်ဖွယ်ရာအများပြည်သူကျန်းမာရေး အခြေအနေအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ ဗဟိုအာဖရိကသည် ရောဂါဖြစ်ပွားမှု၏ အဓိကနေရာဖြစ်ပြီး မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၉၉ ရာခိုင်နှုန်းမှာ ယင်းဒေသမှဖြစ်သည်ဟု အာဖရိကသမဂ္ဂ၏ အချက်အလက်များအရ သိရသည်။

ဗဟိုအာဖရိက ခြောက်နိုင်ငံ၌ ယခုနှစ်အတွင်း မျောက်ကျောက်ရောဂါ အတည်ပြုလူနာ ၇၁၀၉ ဦး အပါအဝင် ရောဂါဖြစ်ပွားသူ ၃၃၇၃၅ ဦး ရှိသည်။ မျောက်ကျောက်ရောဂါဟု ခေါ်ဆိုသည့် Mpox ကို ၁၉၅၈ ခုနှစ်က ဓာတ်ခွဲခန်းမျောက်များတွင် ပထမဆုံး စတင်တွေ့ရှိခဲ့သည်။

အဆိုပါရောဂါမှာ တောရိုင်းတိရစ္ဆာန်မှ ကူးစက်သည်ဟု ယူဆရသည်။ တောရိုင်းတိရစ္ဆာန်မှ လူသို့လည်းကောင်း၊ လူမှ လူအချင်းချင်းသို့လည်းကောင်း ကူးစက်သည်ဟု ယူဆရသည်။ ခန္ဓာကိုယ်မှ ထွက်သော အရည်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် အခြားသောညစ်ညမ်းသည့်အရာဝတ္ထုများမှတစ်ဆင့် ကူးစက်သည်။ ရောဂါကူးစက်မှုကြောင့် အဖျားတက်ခြင်း အဖုအပိမ့်များထွက်ခြင်းတို့ ဖြစ်ပေါ်စေသည်။

**ဆင်ဟွာ**

## သီရိလင်္ကာအနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုသတိပေးချက်ထုတ်ပြန်

**ကိုလံဘို အောက်တိုဘာ ၁၁**
သီရိလင်္ကာနိုင်ငံ ဆည်မြောင်းဌာနက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနောက်ပိုင်းခရိုင်အချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ကို အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်သည်။

အတ္တာနာဂုလု အိုယာမြစ်ဝှမ်းဒေသများတွင် မိုးအသင့်အတင့် ရွာသွန်းခဲ့ကြောင်းနှင့် လမ်းပိုင်းအချို့ ရေကြီးနစ်မြုပ်မှုအန္တရာယ်ရှိနိုင်ကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သီရိလင်္ကာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ လေဖိအားနည်းရပ်ဝန်းကြောင့် နိုင်ငံအနောက်တောင်ပိုင်း ဒေသများတွင် မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံမှာ လူပေါင်းရာချီသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့တဲ့ ဟယ်လင်းမုန်တိုင်း

လင်းလက်ကြယ်

မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုကျခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းမြင့်တက်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်းစတဲ့ သဘာဝတရားကြောင့် ဖြစ်ပေါ်လာတဲ့ ဘေးအန္တရာယ်ကို လောကလူသားတွေ နှစ်စဉ်ကြုံတွေ့ခံစားနေကြရပါတယ်။ အချိန်မရွေး၊ နေရာဒေသမရွေး ဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားရမှုက ကမ္ဘာ့နေရာဒေသအလိုက် ကွဲပြားခြားနားမှုရှိတယ်ဆိုပေမယ့် လောကလူသားတို့အဖို့ အန်တုနိုင်စွမ်းမရှိတဲ့အတွက် ရှောင်လွှဲဖို့ မဖြစ်နိုင်ပါဘူး။



မြောက်ကယ်ရိုလိုင်းနားပြည်နယ်၌ ဟယ်လင်းဟာရီကိန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ရေကြီးရေလျှံဖြစ်ပွားမှု။

## ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွား

ယခုနှစ်အတွင်းမှာ ရီမယ်လ်မုန်တိုင်း၊ ရာဂီမုန်တိုင်း၊ ခရာသွန်းမုန်တိုင်း၊ ဘော်ရစ်မုန်တိုင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံအချို့မှာ ရေကြီးရေလျှံတာတွေ၊ ဆည်တွေ၊ တာတမံတွေ ကျိုးကျတာတွေအပြင် တောင်ပြိုကျတာတွေ ဖြစ်ပေါ်ခဲ့ပြီး လူနဲ့ တိရစ္ဆာန်တွေ၊ လမ်းနဲ့ တံတားတွေ၊ လယ်ယာစိုက်ပျိုးမြေတွေနဲ့ စီးပွားရေးတွေ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားလျက်ရှိပါတယ်။

## အမေရိကန်နိုင်ငံလည်း ပါဝင်

အဲဒီလို မုန်တိုင်းဒဏ်ကို နည်းနည်းတစ်ဖုံ များများတစ်လှည့် အလူးအလဲခံရတဲ့ နိုင်ငံတွေထဲမှာ ကမ္ဘာ့ ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အတွင်း အားကောင်းတဲ့ ဟယ်လင်းဟာရီကိန်းမုန်တိုင်းက အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းလမ်းကြောင်းရှိ လူသန်းပေါင်းများစွာဟာ မုန်တိုင်းဒဏ်ကို အလူးအလဲ ခံစားခဲ့ကြရပါတယ်။

## ၂၀၀၅ ခုနှစ်နောက်ပိုင်း လူအသေအပျောက်အများဆုံး ဟာရီကိန်းမုန်တိုင်းအဖြစ် မှတ်တမ်းဝင်

ဟယ်လင်းမုန်တိုင်းကြောင့် ပြည်နယ် ခြောက်ခုမှ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့တယ်လို့ အတည်ပြုထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် ဟယ်လင်းမုန်တိုင်းဟာ ၂၀၀၅ ခုနှစ်က ကက်ထရီနာဟာရီကိန်းမုန်တိုင်းပြီးနောက် အမေရိကန်ကို တိုက်ခတ်တဲ့ လူအသေအပျောက်အများဆုံး ဟာရီကိန်းမုန်တိုင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ အဲဒီ သေဆုံးသူတွေအနက် ၁၀၆ ဦးမှာ မြောက်ကယ်ရိုလိုင်းနားကဖြစ်ပြီး ၄၁ ဦးမှာ တောင်ကယ်ရိုလိုင်းနားကဖြစ်တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

## ဖလော်ရီဒါပြည်နယ်က ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်

အဲဒီမုန်တိုင်းဟာ ဖလော်ရီဒါ၊ အလာဘားမား၊ ဂျော်ဂျီယာ၊ တောင်ကယ်ရိုလိုင်းနား၊ မြောက်ကယ်ရိုလိုင်းနား၊ တန်နက်ဆီ၊ ဗာဂျီးနီးယား၊ အင်ဒီယားနားစတဲ့ ပြည်နယ်တွေကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။ မုန်တိုင်းကြောင့် ဖလော်ရီဒါပြည်နယ်က ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ ဘီလီယံနဲ့ အများဆုံးဖြစ်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ဂျော်ဂျီယာပြည်နယ်မှာလည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၁၇ သန်းရှိတယ်လို့ သိရပါတယ်။ အခြားပြည်နယ်တွေကတော့ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိသေးပေ။

## ပျက်စီးဆုံးရှုံးမှုအများဆုံး ဟာရီကိန်းမှာ ကက်ထရီနာနဲ့ ဟာဗေးဖြစ်

ဟယ်လင်းဟာရီကိန်းမုန်တိုင်းဟာ အမေရိကန်ကို တိုက်ခတ်တဲ့ ဟာရီကိန်းတွေအနက် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အများဆုံးအဖြစ် အဆင့် (၈) မှာ ရပ်တည်နေပါတယ်။ အမေရိကန်ကို တိုက်ခတ်တဲ့ ဟာရီကိန်းတွေအနက် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အများဆုံးဟာရီကိန်းမှာ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့မှာ တိုက်ခတ်ခဲ့တဲ့ ကက်ထရီနာနဲ့ ဟာဗေးဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံအထိရှိတယ်လို့ မှတ်တမ်းဖော်ပြချက်တွေအရ သိရပါတယ်။

## ယုံကြည်လက်ခံဖို့ ခက်ခဲနေ

ဟယ်လင်းမုန်တိုင်းအန္တရာယ်က အသက်ရှင်လွတ်မြောက်သူတွေဟာ သမိုင်းဝင်မုန်တိုင်းက ၎င်းတို့ရဲ့ နေအိမ်တွေ၊ လူမှုအသိုင်းအဝိုင်းတွေကို ဝင်ရောက်မွှေနှောက် ဖျက်ဆီးသွားပြီးနောက်မှာ အဲဒီအဖြစ်အပျက်ကို ယုံကြည်လက်ခံဖို့ ခက်ခဲနေကြပါသေးတယ်လို့ ဆိုပါတယ်။ ဖလော်ရီဒါမှ အနောက်ဗာဂျီးနီးယားအထိ ပြည်နယ်ခုနစ်ခုရှိ သုံးစွဲသူ ၈၅၀၀၀၀ ကျော်မှာ အောက်တိုဘာ ၃ ရက် ညနေပိုင်းအထိ လျှပ်စစ်မီးပြတ်တောက်နေဆဲဖြစ်တယ်လို့ poweroutage.us မှာ ဖော်ပြထားပါတယ်။

## ထောက်ပံ့ပေးရေး ကြိုးပမ်းအားထုတ်မှုတွေ အခက်အခဲ ဖြစ်ပေါ်

လမ်းတွေ ရာနဲ့ချီ ပိတ်ထားရဆဲဖြစ်ပြီး ပြင်းပြင်းထန်ထန်ထိခိုက်ခံစားကြရတဲ့ ပြည်သူတွေထံ ကူညီထောက်ပံ့ပေးရေး ကြိုးပမ်းအားထုတ်မှုတွေ အခက်အခဲ ဖြစ်ပေါ်လျက်ရှိပါတယ်။ နောက်ပြီး ဟယ်လင်းမုန်တိုင်းမတိုင်မီ ဘေးလွတ်ရာတိမ်းရှောင်နေတဲ့သူတွေကလည်း မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ၎င်းတို့ရဲ့ နေအိမ်အခြေအနေတွေကို စစ်ဆေးဖို့အတွက် ပြန်လာရေး နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ပေါ်စေပါတယ်။

## လူပေါင်း ၂၀၀ ကျော် အဆက်အသွယ်ပြတ်တောက်နေဆဲဖြစ်

မြောက်ကယ်ရိုလိုင်းနားပြည်နယ် ဘွန်ကမ်ဘီဒေသမှာ လူပေါင်း ၂၀၀ ကျော် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းအထိ အဆက်အသွယ်ပြတ်တောက်နေဆဲဖြစ်တယ်လို့ တာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောပါတယ်။ ၎င်းတို့ကို ကယ်တင်နိုင်ဖို့အတွက် ရှာဖွေကယ်ဆယ်ရေးတွေ ဆက်လက်လုပ်ဆောင်လျက်ရှိတယ်လို့ သိရပါတယ်။

## ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့တဲ့ ပြည်နယ်တွေကို ဟားရစ် သွားရောက်

အမေရိကန်နိုင်ငံမှာ သမ္မတရွေးကောက်ပွဲကျင်းပဖို့ တဖြည်းဖြည်း ပိုမိုနီးကပ်လာတဲ့အချိန်မှာ ဒုတိယသမ္မတနဲ့ ဒီမိုကရက်တစ်ပါတီသမ္မတလောင်းဖြစ်သူ ကမ်မလာဟားရစ်က ဟယ်လင်းမုန်တိုင်းကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့တဲ့ ပြည်နယ်တွေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ မြောက်ကယ်ရိုလိုင်းနားနဲ့ ဂျော်ဂျီယာပြည်နယ်တို့ဟာ သမ္မတရွေးကောက်ပွဲကို အဆုံးအဖြတ်ပေးနိုင်တဲ့ ပြည်နယ်တွေဖြစ်တာကြောင့် ဟားရစ်က အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ၎င်းရဲ့ ခေါင်းဆောင်မှုအရည်အချင်းကို ပြသဖို့ ကြိုးပမ်းနေပုံရတယ်လို့လည်း သတင်းတွေမှာ ဖော်ပြထားပါတယ်။

## ဒေါ်နယ်ထရမ့်က ဝေဖန်ထိုးနှက်

ဒါပေမယ့် ၎င်းရဲ့ ပြိုင်ဘက်ဖြစ်သူ သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ပင်ဆဲလ်ဗေးနီးယားမှာ ပြုလုပ်ခဲ့တဲ့ လူထုစုဝေးပွဲမှာ ကက်ထရီနာဟာရီကိန်းနောက်ပိုင်း ဒုတိယ သမ္မတတစ်ဦးအနေဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့တာတွေထဲမှာ အဆိုးရွားဆုံးဖြစ်တယ်လို့ ဟားရစ်ရဲ့ လုပ်ဆောင်ပုံကို ဝေဖန်ထိုးနှက်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံအဖို့ ဟာရီကိန်းမုန်တိုင်းဟယ်လင်းကြောင့် ထိခိုက်မှုများ ပြန်လည်ထူထောင်ရေး လုပ်ဆောင်နေဆဲမှာပင် အောက်တိုဘာ ၉ ရက်က ဟာရီကိန်းမုန်တိုင်း မီလ်တန် ထပ်မံဝင်ရောက်တိုက်ခတ်မှုကြောင့် တစ်ပူပေါ် နှစ်ပူဆင့်ပြီး မုန်တိုင်းကြောင့် ထပ်မံထိခိုက်ခံစားနေရပါတယ်။ ။

ကိုးကား - ဆင်ဟွာ



ဂျော်ဂျီယာပြည်နယ်၌ ဟယ်လင်းဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဝက်သစ်ချပင်ပြိုလဲမှုဖြစ်ပွားပြီး ထိခိုက်ပျက်စီးသွားသော နှစ် ၁၀၀ သက်တမ်းရှိ နေအိမ်တစ်လုံး။

○ လမ်းတွေ ရာနဲ့ချီ ပိတ်ထားရဆဲဖြစ်ပြီး ပြင်းပြင်းထန်ထန်ထိခိုက်ခံစားကြရတဲ့ ပြည်သူတွေထံ ကူညီထောက်ပံ့ပေးရေး ကြိုးပမ်းအားထုတ်မှုတွေ အခက်အခဲ ဖြစ်ပေါ်လျက်ရှိပါတယ်။ နောက်ပြီး ဟယ်လင်းမုန်တိုင်းမတိုင်မီ ဘေးလွတ်ရာတိမ်းရှောင်နေတဲ့သူတွေကလည်း မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ၎င်းတို့ရဲ့ နေအိမ် အခြေအနေတွေကို စစ်ဆေးဖို့အတွက် ပြန်လာရေး နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ပေါ်စေပါတယ်

# (၁၉)ကြိမ်မြောက် ကလောမြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲစည်ကားသိုက်မြိုက်စွာကျင်းပမည်

**ကလော အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာ မီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ကလောမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။




ယခင်ကျင်းပခဲ့သည့် ကလောတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ။

ကလောမြို့ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံ ထွန်းညှိပူဇော်ပွဲသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အများဆုံးလာရောက် လည်ပတ်ကြသောပွဲတော်ဖြစ်ပြီး ပွဲတော်ကို ကလောမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာနေ ဒေသခံပြည်သူများ၊ တိုင်းရင်းသား၊ တိုင်းရင်း သူများစုပေါင်း၍ မြို့ပေါ်ရပ်ကွက်များက မီးရှော် တိုင်များပြုလုပ်၍ ဘုရားမီးပူဇော်ကြခြင်း၊ မီးကြာစံအဖွဲ့များက မီးကြာအလှအပတို့ဖြင့် မြို့တွင်းလှည့်လည် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကလောမြို့သည် ခရီးသွားမြို့တော်ဖြစ်ပြီး ပွင့်လင်းရာသီဖြစ်သည့်အတွက် ရိုးရာမီးရှော် တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို အနယ်နယ် အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက် လည်ပတ်နိုင်ရန် ဖိတ်ခေါ်လိုက်ရပါသည်။

**မြို့နယ်(ပြန်/ဆက်)**

# လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

**မှော်ဘီ အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင် မှတ်ပုံတင်ထားသော Best Oil Co.,Ltd. BOD ဆီဆိုင်(မှော်ဘီ)မှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Best Oil Co.,Ltd.




BOD ဆီဆိုင် (မှော်ဘီ)မှအာမခံအလုပ်သမားဦးထွန်းထွန်း၏ လုပ်ငန်း ခွင်ပြင်ပထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ်ငါးဆယ့်လေးသိန်းခုနစ်သောင်း သုံးထောင်ငါးရာကို ဇနီးဖြစ်သူ ဒေါ်အေးအေးမော်အား ထုတ်ပေးခဲ့ကြောင်း သိရ သည်။ (အပေါ်ပုံ)

**ကောင်းမြတ်သူ(မှော်ဘီ)**

# မိုင်းဖြတ်မြို့နယ်၌ စစ်မှုထမ်းဟောင်းငွေစုငွေချေး သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**မိုင်းဖြတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ် မြို့နယ်၌ စစ်မှုထမ်းဟောင်း ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာ ရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်း အဝေးကို အောက်တိုဘာ ၁၀ ရက် က မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။



ရှေးဦးစွာ သမဝါယမအသင်း လီမိတက်၏ဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်သင်း သင်းနွယ်က အသင်းလုပ်ငန်း ဆိုင်ရာများကို ဆွေးနွေးသည်။ ထို့နောက် အမှုဆောင်အဖွဲ့ဝင်များ က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမှု ဆောင်အဖွဲ့၏ အစီရင်ခံစာများကို ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေး ရှင်းတမ်းများကို အတည်ပြုရယူ ပြီး တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ခဲ့ကြသည့် အသင်းသား များ၏ သား၊ သမီးများအား ဂုဏ်ပြုဆုများနှင့် အသင်းသား တစ်ဦးလျှင် စားဆီ ၅၀ ကျပ်သား၊ အစည်းအဝေး တက်ရောက်သူ များကို ထောက်ပံ့ငွေကျပ် ၅၀၀၀ စီပေးအပ်ကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ်တွင် စစ်မှု ထမ်းဟောင်း ငွေစုငွေချေးအသင်း လီမိတက်ကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းသား တစ်ဦးလျှင် အစုတစ်စု၏တန်ဖိုး ကျပ် ၅၀၀၀ ဖြင့် ဝင်ရောက်ခွင့်ပြု ခဲ့ရာ ယခုအခါ အသင်းသားဦးရေ မှာ ၁၉၉ ဦးအထိ ရှိလာပြီးဖြစ် သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# မကွေးမြို့၌ ရှုရှားသဘာဝရွက်ဖျန်းမြေသြဇာ အသုံးပြုမှုသရုပ်ပြပွဲနှင့် နေကြာမျိုးစေ့များပေးအပ်

**မကွေး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေး ပညာသင်တန်းကျောင်း (မကွေး)၌ ရုရှားသဘာဝရွက်ဖျန်းမြေသြဇာ သရုပ်ပြပွဲနှင့် နေကြာမျိုးစေ့များပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးမင်းဇော်နိုင်က အမှာစကားပြောကြားပြီး RUMA ORGANIC ရွက်ဖျန်းသဘာဝမြေသြဇာကုမ္ပဏီမှ တာဝန်ရှိသူများက ရုရှားသဘာဝ ရွက်ဖျန်းမြေသြဇာ အသုံးပြုမှု လက်တွေ့သရုပ်ပြပြီး တက်ရောက်လာသူ များက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက နေကြာ



စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့် မြို့နယ်များသို့ နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



သန်လျင်ခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များတွင် ရပ်ကွက်နှင့်ကျေးရွာများအတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို အောက်တိုဘာ ၁၀ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးအောင်မြင့်၊ ခရိုင်သန်းခေါင် စာရင်းကော်မတီအတွင်းရေးမှူး ဦးမျိုးဝင်းနှင့်အဖွဲ့ဝင်များ ကွင်းဆင်း ကြည့်ရှုအားပေးစဉ်။ သန်းဝင်း(သန်လျင်)

# တံတားဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကန်ချောကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများအတွက် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ဆောင်ရွက်ခြင်းကို တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အောက်တိုဘာ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

လုပ်ငန်းများကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်က ကန်ချောကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ အား အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရဲတင့်(ပြန်/ဆက်)**



# မိုင်းဆတ် - တာချီလိတ် ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး ဆိုက်ခေါင်တံတား မကြာမီဖြတ်သန်းသွားလာနိုင်တော့မည်

**မိုင်းဆတ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး မိုင်းဆတ်-တာချီလိတ်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်းဆတ်မြို့ အဝင် နမ့်ခုတ်ချောင်းကူး ဆိုက်ခေါင်တံတား ပြိုကျပျက်စီးပြီး လမ်းပန်း ဆက်သွယ်ရေးပြတ်တောက်သွားသဖြင့် အဆိုပါတံတားပေါ်တွင် နှစ်လွှာ တစ်ထပ် ဘေလီတံတားတည်ဆောက်လျက်ရှိရာ မကြာမီဖြတ်သန်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆိုက်ခေါင်တံတားသည် မိုင်းဆတ်မြို့အဝင် နမ့်ခုတ်ချောင်းပေါ်၌ တည်ရှိပြီး အရှည်ပေ ၃၂၀၊ အကျယ်ပေ ၃၀ ရှိသံကူကွန်ကရစ်အမျိုးအစား ဖြစ်ကာ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ရွာသွန်းခဲ့သောမိုးများကြောင့် နမ့်ခုတ်ချောင်းအတွင်း တောင်ကျရေများစီးဆင်းကာ တံတားအရှည်ပေ ၁၃၀ ခန့် ကျိုးကျပျက်စီးခဲ့ခြင်းဖြစ်သည်။

ယခုအခါ တံတားအထူးအဖွဲ့(၁၂) ရွှေညောင်မှ ဒုတိယညွှန်ကြား ရေးမှူး(မြို့ပြ) ဦးသန့်စင်ဦးစီးသောအဖွဲ့ဝင်များက အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေ ၉ လက်မ၊ တံတားခံနိုင်ဝန် ၁၈ တန်မှ ၂၀ တန် ကြားရှိ နှစ်လွှာတစ်ထပ်ဘေလီတံတားကို စက်တင်ဘာ ၂၆ ရက်မှစ၍ တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် ယာဉ်ငယ်များ စတင် ဖြတ်သန်းခွင့်ပြုနိုင်တော့မည်ဖြစ်ကြောင်းနှင့် အောက်တိုဘာ ၂၅ ရက် တွင် ယာဉ်ကြီးများ ဖြတ်သန်းခွင့်ပြုနိုင်တော့မည်ဖြစ်ကြောင်း သိရ သည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# အသိ၊ သတိဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ကျော်လွှားမယ်

ဇော်(ဘူမိ)



ရေစီးနှင့်အတူ ပြိုကျပြုတ်ထွက်လိမ့်ဆင်းလာသော နှမ်းဖတ်ကျောက်မှ ဖြစ်သည့် ကျောက်တုံးကျောက်ခဲကြီးများကို တွေ့ရစဉ်။

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် ဗီယက်နမ်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သော Yagi (ရာဂီ)တိုင်ဖွန်းမုန်တိုင်း၏ အရှိန်နှင့် ၎င်း၏ နောက်ဆက်တွဲမိုးတိမ်တိုက်များကြောင့် မြန်မာနိုင်ငံတွင်လည်း စက်တင်ဘာ ၁၀ ရက်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်တွင် ရေကြီးရေလျှံခြင်းနှင့် ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပါသည်။ လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာနအဆောက်အဦ၊ စာသင်ကျောင်းနှင့် အခြားအဆောက်အဦများ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါတိုင်ဖွန်းမုန်တိုင်း၏ အရှိန်နှင့် နောက်ဆက်တွဲမိုးတိမ်တိုက်များကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်မှုနှင့် လေပြင်းတိုက်ခတ်နိုင်မှုအခြေအနေတို့အား မိုးလေဝသ တိုင်းတာရေးအချက်အလက်များအရ အများပြည်သူသိရှိနိုင်ရန် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယို FM ၊ သတင်းစာများမှတစ်ဆင့် ကြိုတင်အသိပေးကြေညာခဲ့သော်လည်း ယခုလောက်ထိ ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားမည်ဟု မည်သူမျှမမျှော်မှန်းမိခဲ့ပေ။ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေအားမှန်ကန်တိကျစွာ တိုင်းတာခန့်မှန်း၍ ကြိုတင်ထုတ်ပြန်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံရှိမြစ်ချောင်းများ၏ မြစ်ဖျားပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မြေပြို/တောင်ပြိုခြင်း၊ မြေပြို/ တောင်ပြိုခြင်းများကြောင့် မြစ်၊ ချောင်းများရှိ ရေထုများမြင့်တက်ကာ ရေကြီးရေလျှံခြင်းများ မမျှော်လင့်ဘဲ ရုတ်ခြည်းဆိုသလို နေရာအချို့တွင် ဖြစ်ပေါ်ခဲ့ပါတယ်။

**ကူညီကယ်ဆယ်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်**

ရေကြီးရေလျှံမှု သဘာဝဘေးဟာ အလွန်ပဲလျင်မြန်တဲ့အရှိန်နဲ့ စီးဆင်းလာတာဖြစ်လို့ အချို့ဒေသတွေမှာ ရှောင်တိမ်းချိန်တောင်မရလိုက်ပါဘူး။ အိမ်တွေအလုံးလိုက် ကျွတ်ပါသွားတာမျိုး၊ လူတွေသစ်ပင်တွေပေါ်တက်နေရတာမျိုး၊ စာသင်ကျောင်းတွေမှာ ရေဝင်လာလို့ ကျောင်းတွေပိတ်ရတာမျိုးစတဲ့ အမျိုးမျိုးသောဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်ခါတစ်ရံ လူတွေရဲ့စိတ်ထဲမှာ ပေါ်ပေါက်လာတော့မယ့် သဘာဝဘေးတွေဟာ ငါနဲ့မဆိုင်လောက်ပါဘူးဆိုတဲ့ အတွေးတွေ ရှိနေတတ်ပါတယ်။ ဖြစ်တတ်တဲ့သဘာဝပါ။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နဲ့တစ်ပြေးညီမိုးလေဝသသတင်းတွေ ကြေညာပေးနေပါတယ်။ မိုးလေဝသသတင်းတွေနဲ့အတူ ကုန်းမြင့်ပေါ်မှာနေထိုင်သူတွေ ဘယ်လိုသတိထားသင့်တယ်။ မြေနိမ့်ပိုင်းမှာ နေတဲ့သူတွေ ဘယ်လို သတိထားသင့်တယ်ဆိုတာမျိုးပါ အသေးစိတ် ထုတ်ပြန်ပါတယ်။ ဖြစ်လာပြီးမှတော့ ဘယ်သူကိုမှအပြစ်မပြောပါဘူး။ ဒါပေမယ့် သင်ခန်းစာတွေ ကောင်းကောင်းရလိုက်ကြပြီဖြစ်ပါတယ်။ အခုလိုမမျှော်လင့်ဘဲ ရေဘေးကြုံတွေ့ရတဲ့အချိန်မှာ နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားကို မြင်တွေ့ရတာကလည်း အဆိုးထဲကအကောင်းလို့ပြောချင်ပါတယ်။ ကူညီကယ်ဆယ်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပုံ၊ ရေဘေးသင့်ပြည်သူများကို စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ ရက်ရက်ရောရော လှူဒါန်းကြပုံများကနေတစ်ဆင့် လူလူချင်း စာနာထောက်ထားကူညီတတ်တဲ့ မြန်မာ့စိတ်ရင်းဓလေ့စရိုက်ကို မြင်နိုင်ပါတယ်။


ဒီလို ရေဘေးသင့်ပြည်သူတွေကို ကိုယ်၊ စိတ်နှစ်ပါး ဝမ်းနည်းအားငယ်မှုများ မဖြစ်ရလေအောင် အားလုံးသော စေတနာရှင်၊ အလှူရှင်တွေက ဝိုင်းဝန်းကူညီနေကြတာကို တွေ့မြင်ရတော့ ရေဘေးသင့်ပြည်သူများကိုယ်စား ကြည့်မြင်မိသူများ သဒ္ဓါပွားလို့ ကျေးဇူးတင် သာဓုအကြိမ်ကြိမ်ခေါ်မိစေပါတယ်။


**အလွန်မြင့်မားတဲ့ တောင်တန်းတွေကနေ မြေနိမ့်ဒေသသို့ တောင်ကျရေအဖြစ် အရှိန်ပြင်းစွာစီးဆင်း**

ယခုဖြစ်စဉ်ဟာ မြန်မာနိုင်ငံမှာ မိုးကြောင့်ဖြစ်ပေါ်ခဲ့တဲ့သဘာဝဘေးများအနက် အဆိုးဆုံးဟုဆိုရလောက်အောင် ထိခိုက်ပျက်စီးခဲ့ရခြင်းဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်း စီးဆင်းဝင်ရောက်၍ သောင်ထွန်းခြင်းများနှင့် BED Level မြင့်တက်ခြင်းများ ဖြစ်ပေါ်လာပြီး မြစ်ချောင်းများအတွင်း သဲနုန်းများပို့ချမှုများပြားလာကာ ရေကြီးရေလျှံမှုများ ပိုမိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် တောင်ကျချောင်းအထက်ပိုင်းရှိ တောင်ကုန်းများတွင် မြေပြိုမှုများဖြစ်ပွားရာမှ ကျောက်တုံးကြီးများ ရေစီးနှင့်အတူ မျောပါလာခြင်းနှင့် စနစ်မကျသော သစ်ထုတ်လုပ်မှုများမှ ထွက်ပေါ်လာတဲ့သစ်လုံးကြီးများကို မြစ်၊ ချောင်းဘေးတစ်လျှောက် အလွယ်တကူ စုပုံထားရာမှ ရေစီးနှင့်အတူ အရှိန်အဟုန်ဖြင့် မျောပါလာခြင်းတို့ကြောင့်လည်း ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားစေခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မိုးအလွန်များတဲ့အခါ အလွန်မြင့်မားတဲ့ တောင်တန်းတွေကနေ မြေနိမ့်ဒေသသို့ တောင်ကျရေအဖြစ် အရှိန်ပြင်းစွာစီးဆင်းပါတယ်။ ရေစီးအား ဘယ်လောက်ပြင်းလဲဆိုရင် ကြီးမားတဲ့ ကျောက်တုံးများကိုပင် မျောပါနိုင်စွမ်းရှိပါတယ်။ အဆိုပါ ကျောက်တုံးများဟာ မြေပြို၊ တောင်ပြိုရာမှ ပေါ်ထွက်လာတဲ့ ကျောက်တုံးကြီးတွေဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုနဲ့အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပြဿနာအဖြစ် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နိုင်ငံအသီးသီးမှာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ **ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားလာခြင်း၊ မိုးရေချိန် ပြောင်းလဲခြင်း၊ အချို့နေရာများတွင် မိုးအများအပြား ရွာသွန်းပြီး အချို့နေရာများ၌ မိုးနည်းပါးလာခြင်းများ ကြုံတွေ့ရပါတယ်။** အနောက်တောင်မုတ်သုံရာသီဟာ အဝင်နောက်ကျသလို ပြန်လည်ထွက်ခွာသွားတဲ့အခါမှာတော့ စောစီးစွာ ပြန်ထွက်ပါတယ်။

*စာမျက်နှာ ၁၇ သို့*




ကျောက်သားအက်ကွဲကြောင်းများအတွင်း ရေများစိမ့်ဝင်ရာမှတစ်ဆင့် မြေပြိုတောင်ပြိုမှုများ ဖြစ်ပေါ်လာပုံ။

*စာမျက်နှာ ၁၆ မှ*

ပြောရမယ်ဆိုရင် မုတ်သုံရာသီတိုတောင်းလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း စတဲ့ဆိုးကျိုးတွေ ကျရောက်နိုင်ခြေ ပိုမိုများပြားလာပါတယ်။ ဆက်စပ်ဖြစ်စဉ်အနေနဲ့ သစ်တောဖြစ်ထွန်းမှု ကျဆင်းပြီး သဘာဝပေါက်ပင်များ ပေါက်ရောက်ဖုံးလွှမ်းမှု နည်းပါးလာတဲ့အတွက် မြေသားအနေအထားတွေ ပြောင်းလဲစေပြီး မြေတိုက်စားမှုတွေကို ဖြစ်ပေါ်စေပါတယ်။ မြေဆီလွှာ အရည်အသွေးတွေလည်း ကျဆင်းပြီး သဘာဝအရင်းအမြစ်တွေ လျော့နည်းကုန်ခန်းစေပါတယ်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ သဘာဝဘေးဒဏ်မျိုးကို ၂၀၀၈ ခုနှစ်မှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ်မှာ ဂီရိမုန်တိုင်း၊ ၂၀၁၃ ခုနှစ်မှာ ဖလမ်းတောင်ပြိုမှု၊ ၂၀၁၅ ခုနှစ်မှာ ဟားခါးနဲ့ မော်ချီးမြေပြိုမှု၊ ၂၀၁၈ ခုနှစ်မှာ ပေါင်မြို့နယ်မြေပြိုမှု၊ ၂၀၂၃ ခုနှစ်မှာ မိုခါမုန်တိုင်းတို့ဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။ ဒီနှစ်မှာတော့ ရာဂီတိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံခြင်းနဲ့ မြေပြိုခြင်းတို့ ကြုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားလေ့ရှိတဲ့ သဘာဝဘေးအန္တရာယ်များတွင် ရေကြီးရေလျှံမှုဟာ နှစ်စဉ်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ **မြန်မာနိုင်ငံမှာ နှစ်စဉ်ဇွန်လ (မိုးဦးကာလ) တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လ (မိုးလယ်ကာလ)တွင် တစ်ကြိမ်နှင့် စက်တင်ဘာလမှ အောက်တိုဘာလ(မိုးနှောင်းမိုးလွန်ကာလ) မှာ တစ်ကြိမ် စုစုပေါင်းရေကြီးမှု သုံးကြိမ်ဖြစ်ပေါ်လေ့ ရှိပါတယ်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မိုးလေဝသသတင်းတွေကို အမြဲတမ်း ကြိုတင်ထုတ်ပြန်ပေးလျက်ရှိပါတယ်။** ယခုစက်တင်ဘာလမှာ ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့မှာလည်း ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ပြီး သေဆုံးမှုများနဲ့ အိမ်ရာပျက်စီးမှုများ ဖြစ်ပွားခဲ့ပါတယ်။

**မြစ်၊ ချောင်းများ အရှိန်ပြင်းစွာ စီးဆင်းမှုကြောင့် မြေသားတိုက်စားခံရ**

ယခုကဲ့သို့ မြေပြိုမှုနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်အပေါ် ပညာရပ်ပိုင်းဆိုင်ရာအမြင်ဖြင့် လေ့လာမိသလောက် အနည်းငယ် တင်ပြချင်ပါတယ်။ **မြေပြိုမှုဖြစ်စဉ်များကို မြေပြိုမှု (Landslide) ဟု အလွယ်ခေါ်ဆိုကြပြီး အခြားသော တောင်ပြိုခြင်း၊ ပင်လယ်ကမ်းရိုးတန်းမြေပြိုခြင်း၊ မြစ်ကမ်းဘေးနှင့် ချောင်းကမ်းပါးများမြေပြိုခြင်း၊ တောင်စောင်းနှင့် ချောက်ကမ်းပါးများမြေပြိုခြင်း၊ သတ္တုတွင်းများမြေပြိုခြင်း၊ ဥမင်လိုဏ်ခေါင်းမြေပြိုခြင်း၊ တံတားချဉ်းကပ်လမ်းမြေပြိုခြင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြိုခြင်းများလည်း မြေပြိုမှုမှာအကျုံးဝင်ပါတယ်။** မြေပြိုမှုကိုဖြစ်စေတဲ့ အဓိကအကြောင်းရင်းများမှာ မြေမျက်နှာပြင်ပေါ်ရှိ သဘာဝအလျောက်ပေါက်ရောက်နေသည့် သဘာဝပေါက်ပင်များ ဆုံးရှုံးခြင်း၊ မြေပြင်ရှိ နိမ့်ရာမှမြင့်ရာသို့ ဒေါင်လိုက်ပေါက်တတ်သော သဘာဝပေါက်ပင်များ၏ ဖွဲ့စည်းမှုပုံစံ၊ မြေသားအတွင်းရှိ အာဟာရဓာတ်များနှင့် မြေသား တည်ဆောက်ပုံများဟာ သစ်တော မီးလောင်မှုများကြောင့် သို့မဟုတ် သတ္တုတူးဖော်မှုများကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်၊ ချောင်းများ အရှိန်ပြင်းစွာ စီးဆင်းမှုကြောင့် မြေသားတိုက်စားခံရခြင်း၊ ဆီးနှင်းများ ကျဆင်းခြင်းနှင့် ရေခဲမြစ်များ အရည်ပျော်ခြင်းတို့က မြေပြင်ပေါ်ရှိ အပေါ်ယံမြေသားတို့အား ဖယ်ရှားပစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းများ မြင့်တက်ခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် လူသားတို့၏ လုပ်ဆောင်မှုများဖြစ်တဲ့ သစ်တောများခုတ်ထွင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လေးလံသော သယ်ယူပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းသွားလာမှုမှ တုန်ခါမှုဖြစ်ပေါ်ခြင်း၊ မြေယာတူးဖော်အသုံးချခြင်း၊ မိုင်းခွဲခြင်း၊ စွန့်ပစ်မြေစာစုပုံခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် ချုံနွယ်ပင်များအား မီးရှို့ခြင်းဖြင့် နက်ရှိုင်းစွာ အမြစ်တွယ်နေသော သဘာဝပေါက်ပင်များအား ဖျက်ဆီးဖယ်ရှားမိခြင်းများသည်လည်း မြေပြိုမှုကို ဖြစ်ပေါ်စေပါတယ်။

**မြေပြိုမှုဖြစ်ပွားရာ နေရာတစ်ခုကို အနုစိတ်ပုံဖော်ကြည့်လျှင် ၎င်းနေရာမှာ တည်ရှိနေတဲ့ မြေသား၊ သို့မဟုတ် ကျောက်သားတို့ရဲ့ ပြင်ပသက်ရောက်မှုအားနှင့် အတွင်းမှခုခံတွန်းလှန်အားတို့ အားပြိုင်မှုပေါ်မူတည်ပြီး မြေပြို၊ တောင်ပြိုခြင်းတွေ ဖြစ်လာတာပါ။ အဆိုပါအင်အားနှစ်ခု တူညီနေသမျှ တောင်ပြို၊ မြေပြိုမှု မဖြစ်နိုင်ပါ။** စာရေးသူအနေနဲ့ ကင်းသာအနီးဝန်းကျင်မှ မြေပြို၊ တောင်ပြိုမှုများကို ဖြစ်ပေါ်စေနိုင်တဲ့ ကျောက်သားတို့ကို လေ့လာတဲ့အခါမှာ ကျောက်သားတို့ရဲ့ ခိုင်မာမှုနဲ့ အတန်းအစား၊ ကျောက်သားများ အဆက်ပြတ်အက်ကွဲရာမှ ပြိုကျပြုတ်ထွက်လာနိုင်တဲ့ ကျောက်သားရဲ့ ထုထည်၊ ပုံသဏ္ဌာန်နှင့် ဖြစ်ပေါ်နိုင်တဲ့ တောင်ပြိုမှုနည်းလမ်းတို့ကို အသေးစိတ်တိုင်းတာလေ့လာ ဆောင်ရွက်ခဲ့ပါတယ်။

ကျောက်သားတို့ရဲ့ အဆက်မပြတ် အက်ကွဲမှုဖြစ်တဲ့နေရာမှာ သဘာဝမူလအရ အက်ကွဲတာလည်းဖြစ်နိုင်သလို လူတို့၏ ပယောဂဖန်တီးမှုတို့ကြောင့်လည်း အက်ကြောင်းများ ပေါ်ပေါက်လာစေနိုင်ပါတယ်။ **သဘာဝအားဖြင့် အနည်ကျကျောက်နဲ့ အသွင်ပြောင်းကျောက်တို့ဆိုတာဟာ တစ်လွှာပြီးတစ်လွှာ ထပ်လျက်အနေအထားဖြင့် ဖြစ်တည်နေတာဖြစ်ပါတယ်။ အဲဒီလိုလွှာထပ်များကြားနဲ့ ကျောက်သားတို့ရဲ့ အဆက်ပြတ် အက်ကွဲရာများအတွင်းသို့ ရေများဝင်ရောက်ကာ ကျောက်ခြေမွခြင်း ဖြစ်စဉ်ကို လျင်မြန်စွာ ဖြစ်ထွန်းစေပြီး ကျောက်သားခိုင်မာမှုအဆင့်အတန်း လျော့ကျလာကာ မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။** နေပြည်တော် - ပင်လောင်းလမ်း ၆ မိုင်ဝန်းကျင်ဒေသဟာ ရေဝေချောင်းနှင့် ကိုလုံချောင်းဆုံအနီးမှာ တည်ရှိပြီး ဘူမိဗေဒအနေအထားအရ ရေဝေချောင်းသည် ရေဝေပြတ်ရွှေ့ကြောင်းတစ်လျှောက် စီးဆင်းဖြစ်ပေါ်နေတဲ့ချောင်းတစ်ခုဖြစ်ပါတယ်။ အဲဒီဒေသမှာ သက်လယ်ကပ်နှောင်းပိုင်းမှ သက်နှောင်းကပ်အစောပိုင်းသက်တမ်းရှိ နှမ်းဖတ်ကျောက်များနဲ့ လိပ်သည်းကျောက်များဟာ ပြတ်ရွှေ့ထိစပ်ဇုန်အသွင် ဖြစ်ပေါ်နေပါတယ်။

**နှမ်းဖတ်ကျောက်များမှာ ကျောက်သားခိုင်မာမှု အလွန်မြင့်မားသော်လည်း ရာသီဥတုကြောင့် ကျောက်ခြေမွခြင်းဖြစ်စဉ်နဲ့ မိုးအဆက်မပြတ်ရွာသွန်းမှုနှင့်အတူ ကျောက်သားအဆက်ပြတ်အက်ကွဲကြောင်းများအတွင်း ရေများဝင်ရောက်မှုကြောင့် ကျောက်သားတွဲဆက်ခိုင်မာမှုအား ကျဆင်းလာပြီး ကြီးမားလုံးဝန်းသော ကျောက်တုံးကျောက်ခဲကြီးများ ပြိုကျပြုတ်ထွက်လိမ့်ဆင်းလာရခြင်း ဖြစ်ပါတယ်။** ဒီလို ကျောက်ခြေမွခြင်းဖြစ်စဉ်နဲ့ ကျောက်သား အဆက်ပြတ်အက်ကွဲမှုအတွင်း ရေများဝင်ရောက်ခဲ့ခြင်းတို့ကြောင့် နေပြည်တော်-ပင်လောင်းလမ်း ၇ မိုင် ပတ်ဝန်းကျင်ဒေသရှိ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများတွင် တောင်ကျချောင်းရေနဲ့အတူ ကျောက်တုံးကျောက်ခဲကြီးများ မျောပါလာခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သဘာဝတောတောင်များ တဖြည်းဖြည်းပျောက်ဆုံးလာခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်း၊ တောင်ကုန်း၊ တောင်စောင်းများရဲ့ မြေသားတည်ငြိမ်မှုကို မြေကြီးအတွင်းရှိ ရေရဲ့ဖိအားက ပြောင်းလဲစေသဖြင့် ရေကြီးခြင်း၊ တောင်ပြိုခြင်းနှင့် ကမ်းပါးပြိုခြင်းတို့ ထိခိုက်ခံစားရခြင်း ဖြစ်ပါတယ်။

**မြေပြို၊ တောင်ပြိုခြင်းကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် လူတိုင်းအလွယ်တကူ ဆောင်ရွက်နိုင်သော နည်းလမ်းကောင်းမှာ နှစ်ရှည်သစ်ပင်ကြီးများကို မိမိတို့အခြေချနေထိုင်ရာ မြို့ရွာများ၏ အနီးတစ်ဝိုက်၌ စနစ်တကျ စိုက်ပျိုးခြင်းပင်ဖြစ်ပါတယ်။** နှစ်ရှည်သစ်ပင်ကြီးများသည် အပင်အရွယ်အစားနှင့် အပင်အသက်တို့အလိုက် အပင်ပတ်လည်တစ်ဝိုက် ပေပေါင်းရာနှင့်ချီ၍ မြေသားလွှာများကို ကျစ်လျစ်အောင် ကုပ်ယူထိန်းသိမ်းပေးထားနိုင်စွမ်းရှိပြီး မြေဆီလွှာ တိုက်စားခံရခြင်းကိုလည်း ကောင်းစွာကာကွယ်ပေးနိုင်သလို အရှိန်အဟုန်ပြင်းစွာ စီးဆင်းဝင်ရောက်လာသော ရေထုကြီးကိုလည်း ဟန့်တားဆီးကာပေးနိုင်သဖြင့် မြစ်ရေ၊ ချောင်းရေများကြောင့် ရုတ်တရက် ရေကြီးရေလျှံဖြစ်ပေါ်ခြင်းကို နှောင့်နှေးကြန့်ကြာအောင် ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။ သို့ဖြစ်၍ လူနေမြို့ရွာများအတွင်းနှင့် အနီးတစ်ဝိုက်၌ နှစ်ရှည်ပင်ကြီးများကို စနစ်တကျ ရှင်သန်အောင် တိုးချဲ့စိုက်ပျိုးခြင်းနှင့် ရှိပြီးသား နှစ်ရှည်ပင်ကြီးများကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲဖြိုဖျက်မှု မပြုကြခြင်းအားဖြင့် သဘာဝဖြစ်စဉ်ကြောင့်ဖြစ်ရသော မြေပြိုခြင်းကို အတိုင်းအတာတစ်ရပ်အထိ ဟန့်တားနိုင်မည်ဖြစ်ပါတယ်။

**ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး သက်ဆိုင်သူအားလုံးပူးပေါင်းဆောင်ရွက်**

သဘာဝဘေးအန္တရာယ်သည် လူသားတို့ကို တစ်နေ့တခြား ပိုမိုခြိမ်းခြောက်လာနေပါတယ်။ အထူးသဖြင့် မိုးရာသီမှာ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိပါတယ်။ သဘာဝဘေးအန္တရာယ်များမှာ ရှောင်လွှဲလို့မရနိုင်ပေမယ့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနဲ့ ပျက်စီးဆုံးရှုံးမှု သက်သာစေရေးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရှင်တွေအနေနဲ့ ပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရဲ့ ပထဝီအနေအထားကိုလည်း လေ့လာထားကြရမှာဖြစ်ပါတယ်။ သည်တစ်ကြိမ်မှာ ဒီလိုအားနည်းချက်တွေရှိခဲ့လို့ မမျှော်လင့်ဘဲ ရေဘေးကြုံခဲ့ရတယ်ဆိုတဲ့ အတွေ့အကြုံကို သင်ခန်းစာယူကြရမှာဖြစ်ပါတယ်။ ကုန်းမြင့်မှာနေသည်ဖြစ်စေ၊ မြေနိမ့်ပိုင်းမှာနေသည်ဖြစ်စေ သဘာဝဘေးအန္တရာယ်ကြုံတွေ့တတ်ပါတယ်။ ကျောက်စိုင်ကျောက်သားဆိုတာမျိုးတွေကလည်း အလွန်ပြင်းထန်တဲ့ ရေစီးဒဏ်နဲ့ အဆက်မပြတ်ရွာသွန်းတဲ့ မိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့ ခက်ခဲလှပါတယ်။ မမေ့မလျော့ မပေါ့မဆတဲ့အသိနဲ့ သတိတရားလက်ကိုင်ထားပြီး အဲဒီလိုမျိုးကြုံခဲ့ရင်ဆိုတဲ့ ကြိုတင်တွေးခေါ်မြော်မြင်မှုနဲ့အတူ အမြဲတမ်းအသင့်အနေအထားမှာ ပြင်ဆင်ထားကြရမှာ ဖြစ်ပါတယ်။ အလားတူ ပြည်သူတွေအနေနဲ့ကလည်း မိုးလေဝသသတင်းတွေကို အမြဲတမ်းနားစွင့်နေကြရမှာဖြစ်ပြီး တောင်ပြို၊ မြေပြိုခြင်းနဲ့ ရေကြီးရေလျှံခြင်းတို့နဲ့ပတ်သက်တဲ့ အသိပညာပေးစာစောင်များကို နိုင်ငံတော်အစိုးရက ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်နေတဲ့အတွက် လေ့လာဖတ်ရှုထားသင့်ကြောင်း တိုက်တွန်းရင်း ပြည်သူများအားလုံး သဘာဝဘေးအန္တရာယ်မှ ကင်းဝေးကြစေရန် ဆန္ဒပြုဆုတောင်းပေးလိုက်ပါတယ်။ ။



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကုန်းတောင်တန်းများ၌ မြေပြိုကျနေမှုများကို တွေ့ရစဉ်။

**❑ မြေပြို၊ တောင်ပြိုခြင်းကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် လူတိုင်းအလွယ်တကူ ဆောင်ရွက်နိုင်သော နည်းလမ်းကောင်းမှာ နှစ်ရှည်သစ်ပင်ကြီးများကို မိမိတို့အခြေချနေထိုင်ရာ မြို့ရွာများ၏ အနီးတစ်ဝိုက်၌ စနစ်တကျစိုက်ပျိုးခြင်းပင်ဖြစ်**

**❑ သဘာဝဘေးအန္တရာယ်များမှာ ရှောင်လွှဲလို့မရနိုင်ပေမယ့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးနဲ့ ပျက်စီးဆုံးရှုံးမှုသက်သာစေရေး အတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရားအပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Genlyon Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၇၆၈၄၆၆)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားယာဉ် အပိုပစ္စည်း ၂၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၈၄၆၇၀၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၈၁၆၂၀၆) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၁၇၁၃၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တရားမဝင် မီးသွေး ၃၈ ဒသမ ၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမည်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၂၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး၊ စက်မှုဇုန်ထုတ် Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၂ ဒသမ ၀၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၄၄၇၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၉၀၀၄၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၁၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းခရိုင် မြောင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၇၇၁၈၄၉) ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ပင်လယ်ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များအတွင်း အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူများအား သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်များအတွင်း YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ အုပ်စုဖွဲ့ ခါးပိုက်နှိုက်ယူမှုများဖြစ်ပွားလေ့ရှိကြောင်း ဒုစရိုက်မှုကိုမလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ခါးပိုက်နှိုက်မှုကျူးလွန်လေ့ရှိသူများ ဖြစ်ကြသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက်နေ သန်းထွန်းအောင် (ခ) ကရင် ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၇)ရပ်ကွက်နေ စန်းမောင်ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက်နေ စိုးတင့်(ခ)တရုတ် ကိုလည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉) ရပ်ကွက်နေ ချစ်မင်းထွေး (ခ) ကုလားလေးကို လည်းကောင်း ၎င်းတို့၏ နေအိမ်များမှ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သန်းထွန်းအောင် (ခ) ကရင်၊ စန်းမောင်၊ စိုးတင့်(ခ)တရုတ်နှင့် ချစ်မင်းထွေး(ခ)ကုလားလေးတို့ လေးဦးသည် အောက်တိုဘာ ၃ရက် ညနေ ၆ နာရီတွင် ရန်ကင်းမြို့နယ် အတွင်းပြေးဆွဲနေသည့် YBS(14) ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်အမျိုးသမီးတစ်ဦးထံမှ TAB 8 Pro အမျိုးအစား Tablet တစ်လုံးကို ခါးပိုက်နှိုက်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်စစ်ဆေးချက် အရ ၎င်းတို့လေးဦးသည် စက်တင်ဘာလနှင့် အောက်တိုဘာလများ အတွင်း ရန်ကင်းမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့ အတွင်း ပြေးဆွဲနေသည့် YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များထံမှ လက်ကိုင်ဖုန်း ၂၂ လုံးကို ၁၀ ကြိမ် အုပ်စုဖွဲ့ ခါးပိုက်နှိုက် ရယူခဲ့ကြောင်းနှင့် ထိုသို့ ခါးပိုက်နှိုက်မှုများ ကျူးလွန်စဉ် သန်းထွန်းအောင်(ခ)ကရင်က လက်ကိုင်ဖုန်းများကို ခါးပိုက်နှိုက်ယူပြီး စန်းမောင်၊ ချစ်မင်းထွေး (ခ)ကုလားလေးနှင့် စိုးတင့်(ခ)တရုတ်တို့က YBS ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား တိုးဝှေ့၊ လူကာပေးခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ပေါ်ပေါက်ချက်အရ ခါးပိုက်နှိုက်ရယူထားရှိသည့် Tablet နှင့် လက်ကိုင်ဖုန်းများကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ ပြည့်ဖြိုးသူ(ခ)ဖိုးခွားထံတွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၇၈၀၀၀ ကျပ်ဖြင့် ရောင်းချထားကြောင်းသိရှိရသဖြင့် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ ခါးပိုက်နှိုက်မှုကျူးလွန်ရာမှ ရရှိသည့် TAB 8 Pro အမျိုးအစား Tablet တစ်လုံးနှင့် လက်ကိုင်ဖုန်း မျိုးစုံ ၂၂ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များ အတွင်း အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှု ကျူးလွန်ခဲ့သူ သန်းထွန်းအောင် (ခ)ကရင်ပါ တရားခံ လေးဦးအား သက်သေခံ Tablet တစ်လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာရဲစခန်း အသီးသီး၌ အမှုများဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မင်းတပ်မြို့တွင် လူမနေသည့်အိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့၍ လူနေအိမ် ၈၀ နီးပါး ပျက်စီးကြောင်း သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်လုပ်ကြံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့တွင် လူမနေသည့် အိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးနေခြင်းကြောင့် အိမ်ခြေ ၈၀ နီးပါး ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်။




အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မင်းတပ်မြို့ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းတု၊ သတင်းမှားများသာ ဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် တမင်သက်သက် လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် မြိတ်လမ်း၌ မသင်္ကာဖွယ်တွေ့ရှိသူ သက်ဇော်ဦးနှင့် သိန်းဝင်း(ခ) တရုတ်ကြီးတို့ နှစ်ဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ ကိုလည်းကောင်း။

အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် အိုက်ခမ်း မောင်းနှင်ပြီး အိုက်ထိုက်(ခ) လီဟွာလိုက်ပါလာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၇၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

မွန်ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ နိုင်ငံ့ ဝန်ထမ်းဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေအသိပညာပေး ဟောပြောပို့ချခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က မွန်ပြည် နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ စာကြည့်တိုက်သို့ ဥပဒေစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဟောပြောပွဲသို့ မွန်ပြည်နယ် လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဥပဒေ အရာရှိများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီး ဌာနမှ အရာထမ်း၊ အမှုထမ်း ၄၉ ဦး တက်ရောက် ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်း တွင် ကျင်းပမည့် သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်း၏ သတ္တမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် အသက် (၈၀) နှင့်အထက် အသင်းဝင် ဝန်ထမ်းဟောင်းများ ကန်တော့ ပွဲအတွက် ဦးကျော်ညွန့်ရည်- ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည် စာပေ) က အလှူငွေကျပ် ၁၀ သိန်းနှင့် ကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ ကမ္ဘောဒီးယားနိုင်ငံ (အန်ကော ခေတ်ယဉ်ကျေးမှု) စာအုပ်များ ကို ယနေ့ ညနေပိုင်းက အသင်း




ရုံးခန်းသို့ လာရောက်လှူဒါန်း ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)နှင့် အမှု ဆောင်များက လက်ခံရယူခဲ့ကြ သည်။ (အပေါ်ပုံ)

**အေးသန်း(စိန်တုံးကြီး)**

## ကလောမြို့ ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကလော အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့တွင် စက်တင်ဘာ ၁၀ ရက်မှ ၁၂ အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ စီးဝင်မှုကြောင့် ရေအေးကန်ဆည်မှမြို့တွင်းရေပေးဝေရေး ပိုက်လိုင်းများ ပျက်စီးခဲ့ရာ အောက်တိုဘာ ၁၁ ရက်က မြို့နယ်စည်ပင် သာယာရေးဌာနမှ ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုတာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှု စစ်ဆေး ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့်တာဝန်ရှိသူ များ ရေပိုက်လိုင်းပြန်လည်ပြုပြင် ဆောင်ရွက်နေမှု၊ တောင်ပြိုကျ ထားမှု အခြေအနေနှင့် ရေအေး ကန်ဆည်တမံကြံ့ခိုင်မှု၊ ရေစစ် ကန်လည်ပတ်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လာမည့် နိုဝင်ဘာ ဒုတိယပတ်အတွင်း အမြန်ဆုံး ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီး မြို့နေပြည်သူများ အား သောက်သုံးရေ ပြန်လည် ပေးဝေနိုင်ရေး ဆောင်ရွက်သွားကြ ရန် တာဝန်ရှိသူများကို ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိ ရသည်။ မြို့နယ်(ပြန်/ဆက်)



**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေ နေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁၂ - ၁၀ - ၂၀၂၄ ရက် (စနေ နေ့) တွင် ထွက်ရှိမည့် ရွှေသွေး ဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၁) တွင် သီတင်းကျွတ်ကျောင်းပိတ် ရက်တွင် သူငယ်ချင်းများနှင့်အတူ ဆရာမိဘများကို ကန်တော့ကာ မီးထွန်းပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြသည့် အောင်ဘုတို့ သူငယ်ချင်းများ အကြောင်းကို ရေးဖွဲ့ထားသည့် "ပျော်ရွှင်ဆင်နွှဲ သီတင်းကျွတ်မီးထွန်းပွဲ" မျက်နှာ ဖုံးကာတွန်း၊ "ခွေးရူးရောဂါ အန္တရာယ် ကာကွယ်ကြပါစို့" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ ပေးပို့သော ပန်းချီလက်ရာများ ကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ "ကတိသစ္စာ" နှစ်မျက်နှာကာတွန်း၊ "နာယူမှတ်သား ဘယ်ခါမမှား" ဝတ္ထုကဏ္ဍ၊ မိမိ၏ ဆွေမျိုးများ ဒုက္ခရောက်နေသည်ကို ဖြတ်ထိုး ဉာဏ်သုံးကာ ကယ်ဆယ်ပေးခဲ့ သည့် မျောက်အကြောင်းကို ရေးဖွဲ့ထားသည့် "မိမိအမျိုးကို ချစ်သူ" ပုံပြင်ကဏ္ဍ၊ စင်ရော်ငှက် နှင့် ဇီးကွက်တို့မှာ ကုန်ပစ္စည်းများ ကုန်သွယ်ကြရာမှ သင်္ဘောမှောက် ကာ ၎င်းတို့၏ နေထိုင်မှုပုံစံများ ပြောင်းလဲသွားရပုံ အကြောင်းကို ရေးဖွဲ့ထားသည့် "စင်ရော်ငှက်နှင့် ဇီးကွက်" နှစ်မျက်နှာကာတွန်း၊ "ဖိုးချွန်း၊ ဝိတ်ပေါနှင့် သူပြေး ကိုယ်ပြေး" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စကား အသုံးအနှုန်း တွင် ထူးခြားအဓိပ္ပာယ်၊ သီးခြား အဓိပ္ပာယ်ထွက်သည့် စကားလုံး အချို့အကြောင်းကို ရေးဖွဲ့ထား သည့် "Useful Everyday Idioms" အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်း ကဏ္ဍနှင့်ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင် ကြောင်း သိရသည်။ **သတင်းစဉ်**

### ၁၁ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၂၄၆ | ၂၁၁၆၂၀၀ |
| MTSH | ၃၄၀၀ | ၃၃၅၀ | ၁၆၄ | ၅၅၆၉၀၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၆၈ | ၅၉၈၄၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၄၂၃၂ | ၈၂၅၂၄၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၂၁၁ | ၃၅၈၇၀၀ |
| AMATA | ၄၄၀၀ | ၄၅၀၀ | ၁၇၉ | ၇၈၇၇၀၀ |
| MAEX | ၃၃၅၀ | ၃၄၀၀ | ၄၅၇ | ၁၅၅၁၅၅၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ သပြေကုန်းဈေးမှ RC ဆိုင်ခန်း အမှတ်(မ-၄၄)၊ ဒေါ်တင်မိုးမိုး ၉/ပမန(နိုင်)၁၉၂၅၄၃ အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့်**"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)**ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"**(မိတ္တူမှန်)လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး(၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဒေါ်တင်မိုးမိုးအမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** (မူရင်း) အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)**ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အသိပေးကြော်ငြာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀.၀၅၅ဧကေ၊ မြေကွက်အမှတ်(ဥ-၇၄၈၀)၊ဦးဇာနည်မောင် ၈/မကန(နိုင်)၁၆၇၁၈၉(ဘ)ဦးကြည်မောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဇော်မင်းဦး ၉/မနမ(နိုင်)၀၀၆၈၅၆(ဘ)ဦးသောင်းရွှေမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၁၇/၂၀၁၈(၁၉-၁၂-၂၀၁၈)တင်ပြ၍ဒေါ်ခင်သော်တာရှိန် ၉/မနမ(နိုင်)၀၀၇၆၉၁(ဘ) ဦးကံရှိန်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၅၆၂-အေ၊ ၅၆၃-အေ၊ ၅၆၃-ဘီ)၊ ဧရိယာ(၀.၁၃၂)ဧကရှိဦးကျော်နိုင်ဦး အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၅၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဝင်းနိုင် ၁၃/ကလန (နိုင်)၀၀၀၆၁၅ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး **ဦးကိုသက် ၉/တကန(နိုင်)၁၅၀၀၃၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/36027, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃၇)၊ မြေကွက်အမှတ် (၁၄၄)၊ မြေအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ကျိန်ချင်ရွှေ (၁၃/လရန(နိုင်)၁၄၀၈၂၄) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား အရပ်ကတိစာချုပ်ဖြင့် လက်ရှိထား ပိုင်ဆိုင်သူ ဒေါ်မိုးမိုးအေး (ဘ) ဦးကျော်မောင် (၁၂/မရက(နိုင်)၀၀၅၀၃၅)မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေး အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း အပြည့်အစုံများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန် ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာစောလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဇင်နှင်းဇော် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၄၉၉)**
**အမှတ်(၅၆၅)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃/စီ)၊**
**MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၁၀၉၇၈၃၂၊ ၀၉-၇၈၈၂၃၆၁၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/43690,Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်အေး ၅/ကလတ(နိုင်)၀၁၁၆၀၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7755 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/6407 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၈ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၇**

| | | |
|---|---|---|
| ဦးညီညီမင်း | **နှင့်** | ဒေါ်ဝင်းယုကျော် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

ဒေါ်ဝင်းယုကျော်၊ အမှတ် (၂၆)၊ အောင်မင်္ဂလာ (၂)လမ်း၊ နောင်ခရီ ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃နှစ်၊ တရားမကြီးမှုအမှတ် -၇၈ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးညီညီမင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာ၊ ရန်ကုန်-ပြည်လမ်းမကြီး၏ ဂုတ်ကွက်၊ ကွင်းအမှတ်-၆၀၁၊ ကွင်းအမည်-ကျွဲစားကျက်ကွင်း၊ ဦးပိုင်အမှတ်-(N/၁၀-၁(ဃ) ဟုခေါ်တွင်၍ ဒေါ်မြမြအေး အမည်ပေါက် မြေခွန်ပေးဆောင်ထားသည့် (N)မြေအမျိုးအစား အကျယ်အဝန်း (၃၅x၆၆)ပေ၊ (၀.၀၅) ဧက ကျယ်ဝန်းသော မြေကွက်အပါအဝင် မြေပေါ် မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြေစာအမည်ပေါက်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မြမြအေး(၁၂/မဘန(နိုင်)၀၆၁၈၆၇)က အရှုပ်အရှင်း ကင်းရှင်း၍ မိမိကသာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းပြည့်(၃/ဖပန(နိုင်)၀၂၆၁၉၈)က အပြီး အပိုင် လက်ရောက် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက် အရောင်းအဝယ် အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ခိုင်လုံစွာ ဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ ဦးပိုင်အမှတ် (၁၂၃-က)၊ မြေဧရိယာ (၀.၀၃၅) ဧက၊ ဦးပိုင်အမှတ်(၁၂၃-ခ)၊ မြေဧရိယာ(၀.၀၃၆) ဧကရှိ မြို့မြေ (B) သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဦးလူလမ်း၊ အိမ်အမှတ် (၁၄)နေ ဦးနေနိုင်လင်း၊ ဦးနေဇော်သူတို့မှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံ စွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ စ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1265 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန် ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၆**

| | | |
|---|---|---|
| ဦးမျိုးထိုက်အောင် | **နှင့်** | ဒေါ်ရီရီမြင့်(ခ)ဒေါ်ပူစူး |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၁၃၇)၊ (၁၅)လမ်း၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး(ယခုနေရပ် လိပ်စာမသိ) ရပ်နေ ဒေါ်ရီရီမြင့်(ခ)ဒေါ်ပူစူး သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးထိုက်အောင်က "HIGER KLQ 6123K BUS မော်တော်ယာဉ်အမှတ် 9K/6971အားတရားလိုက တန်ဖိုးငွေအပြည့်အဝပေးချေ ဝယ်ယူထားသောမော်တော်ယာဉ်ဖြစ်၍ ယင်းမော်တော်ယာဉ်အား တရားလိုက ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှုနှင့် မော်တော်ယာဉ်၏ OWNER BOOKအား တရားပြိုင်က တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်(၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၆ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ဆန်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရုံးပေါင်းစုံ(၂)လမ်း၊ ကွင်းအမှတ်(၅၈၂-က)၊ ကျောက်ပုန်းမြောက်ကွင်း၊ အကွက်အမှတ်(၃၃)၊ တပ်ကြီးကုန်း၊ ဒေါ်ခင်မာထွေး(ဘ) ဦးကျော်ထွေး (MTNT-၀၀၈၉၅၉) အမည်ပေါက်မှ ဒေါ်နော်တင်ဦး (အေဂျီ-၂၄၇၂၆၀)အား မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကော်မတီမှ ၄၁/၁-၃/မယက (၁၀၈၄)အမည် ပြောင်းလဲမြေ အကျယ်အဝန်းပေ (၄၅X၈၀)ပေရှိ မြေအား ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါမြေ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်များအရ ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်ထားသူ ဦးကျော်မြင့် ၁၂/လမန (နိုင်) ၀၅၄၃၅၃ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တချို့အားပေးချေပြီး ဖြစ်ပါသည်။၎င်းမြေအတွက်ပတ်သက်၍ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်ရက်မှ စ၍(၇)ရက်အတွင်း ၎င်းမြေကွက်နှင့် ပတ်သက်၍ စာချုပ်စာတမ်းမူရင်းများအားလုံးဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**တရားလွှတ်တော်ရှေ့နေဒေါ်တင့်တင့်ခိုင်**
**(စဉ်-၁၄၈၅၃)LL.B, DBL, DIL,CBL**
**အမှတ်(၃၄၇)၊ မာလာရုံလမ်း၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၂၇၂၂၊ ၀၉-၇၉၃၀၃၂၇၂၂၊**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၃)၊ မြေကွက်အမှတ် (၆၃၇)၊ ဦးကျော်စိန်အမည်ပေါက်၊ အကျယ်အဝန်း (၄၀ပေX၆၀ပေ)ရှိ ပါမစ်မြေကွက်အနက်မှ(၂၀ပေX၆၀ပေ)ရှိ (မြေကွက်အမှတ် ၆၃၆နှင့်ကပ်လျက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်ထူး ၁၂/သကတ(နိုင်)၁၃၁၆၉၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကိုပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/49528, Haojue-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွန်း ၅/ဝလန(နိုင်)၂၀၁၀၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/17290, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဇေယျာအောင် ၁၄/သပန (နိုင်)၁၇၅၇၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/79026, Zhineng 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးလင်းမောင် ၁၄/ပသန (နိုင်)၃၄၆၉၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## သားအဖြစ်မှ အပြီးအပိုင် အမွေစားအမွေခံ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၈ လမ်း၊ ၂၇x၂၈ လမ်း ကြားတွင်နေထိုင်သူ ကျွန်တော် ဦးခင်မောင်အုန်း(၉/မနတ(နိုင်)၀၃၁၉၂၄) နှင့် ကျွန်မဒေါ်သန်းစိန်(၉/ခအဇ(နိုင်)၀၂၉၅၅၄)တို့၏ သားဖြစ်သူ ဦးဇင်ဝေဖြိုး (၉/ခအဇ(နိုင်)၀၄၀၃၉၂)သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားများအား မနာခံဘဲ မိဘကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိမိသဘောဆန္ဒအရ နေအိမ်မှထွက်သွားခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေစား အမွေခံ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (သားဖြစ်သူ ဇင်ဝေဖြိုးနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှ အားလုံးသည် ကျွန်တော်၊ ကျွန်မတို့မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေး မည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးခင်မောင်အုန်း (၉/မနတ(နိုင်)၀၃၁၉၂၄)**
**ဒေါ်သန်းစိန် (၉/ခအဇ(နိုင်)၀၂၉၅၅၄)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၄၁၈၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာစိုး ၁၀/သဖရ(နိုင်)၀၉၄၄၉၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၈၇၀၉၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၀/မလမ(နိုင်)၀၁၅၉၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အမက(ရွှေကျ)မှ ဦးနေလ ၉/ညဥန(နိုင်) ၁၆၆၃၃၁ ၏သား မောင်လှိုင်းထက်ကျော် အား မောင်လရောင်ဝန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လရောင်ဝန်း**

## ဖခင်အမည်မှန်

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီး နောက်ကျန် ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅) ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ခင်သန္တာ)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သန်လျင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ၀၂၀(က))**

**မင်္ဂလာဒုံခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၈**

ဒေါ်ဦးနွဲ့ရီ နှင့် ၁။ ဒေါ်ဝင်းဝင်းရီ
၂။ ဦးတာန့်ဂင့်လျှန်းမုန်
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆၈/ခ)နေ (၁)တရားပြိုင် ဒေါ်ဝင်းဝင်းရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်- (၂၅/ အေးချမ်းဖြိုး)၊ ဦးပိုင်အမှတ်-(ဂ)၁၂၄ နှင့် (ဂ)၁၂၅ ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကစီ၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေသည် သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်- (၂၆၉/၁၉၉၈)အရ ၂၆-၆-၁၉၉၈ရက်မှ ၂၅-၆-၂၀၂၈ရက်ထိ ဒေါ်ကြည်စိုးအေး အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသောမြေဖြစ်ပြီး ဦးစန်းအေးမှ အောင်လံမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-(၄၁/၂၀၂၂)ဖြင့် ဦးပိုင်အမှတ်-(ဂ)၁၂၅၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအားလည်းကောင်း၊ စာချုပ်အမှတ်-(၃၁/၂၀၂၄)ဖြင့် ဦးပိုင်အမှတ်-(ဂ)၁၂၄၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအား လည်းကောင်း အိမ်ခြံမြေအားနှစ်ဦးသဘောတူ ရောင်းချဝယ်ယူသည့်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးစန်းအေးမှ ၎င်းအမည်ဖြင့် ဦးပိုင်ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးနိုင်ပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၄)လမ်း၊ အမှတ်-၈၂၀/က ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အအုံ၏ အကျယ်အဝန်း ပေ(၁၁' x ၄၂')ရှိ ဒုတိယထပ်(ခေါင်းရင်းဘက်ခြမ်း)နေအိမ်တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းသူ(ကန်ထရိုက်တာ) ဦးကျော်ဇင်ဝင်း ၁၂/မရက(နိုင်)၁၃၀၀၆၉မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိပါက ယင်းအရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မင်းမင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၅၃)**
**ဖုန်း-၀၉-၂၅၁၀၄၇၆၄၈**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လှူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၈၅၈/ခ)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ ဦးအုန်းမောင် ၁၂/သကတ(နိုင်)၀၈၂၅၀၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၅၈/ခ)၊ အောင်သပြေ(၉)လမ်း/အနောက်၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်တို့အား အမည်ပေါက် ဖခင်နှင့်မိခင် ဒေါ်ရင်မေ ၁၂/သကတ(နိုင်)၀၈၂၈၁၆ တို့ ကွယ်လွန်သွားပြီးနောက် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အမွေဆက်ခံထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူသားသမီးများဖြစ်ကြသော (၁) ဒေါ်မြင့်ကြည် ၁၂/သကတ(နိုင်)၀၈၂၉၂၁၊ (၂) ဒေါ်ခင်အေးမြင့် ၁၂/သကတ(နိုင်)၀၈၃၆၂၇၊ (၃) (ဒေါ်ခင်စန်းရွှေ) ဦးမောင်ကြိုင် ၁၂/ပဇတ(နိုင်)၀၂၃၁၉၆၊ (၄) (ဦးဇော်ဝင်း) ဒေါ်မူမူဝင်း(TKA-103537)၊ (၅) ဦးလှမြင့် ၁၂/သကတ(နိုင်)၁၂၉၃၇၈၊ (၆) ဦးအေးငြိမ်း၁၂/သကတ(နိုင်)၁၄၄၃၉၂ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဆန်းဝင်း ၁၁/အမန(နိုင်)၀၃၄၄၄၃ က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)၊**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၉၁၅)၊ ဦးပေါ(ဘ) ဦးချစ်ဖို့၊ ၉/လဝန(နိုင်)၀၂၀၆၁၂ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးပေါ သေဆုံးသွားပါသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်လှသန်း(ဘ) ဦးညို ၉/လဝန(နိုင်)၁၀၇၂၇၆မှ သေဆုံးကြောင်းနှင့် တရားဝင်ဇနီးဖြစ်ကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာ(မူရင်း)၊ မြေပေးစလစ်(မူရင်း) သေဆုံးကြောင်းရပ်ကွက်ထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို လျှောက်ထားသူ ဒေါ်လှသန်းအား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ်(ပ-၂၀၅၉၁)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်စိုးစိုးဝင်း ၁၂/ထတပ(နိုင်)၀၅၅၀၅၇ (ဘ) ဦးညွှန့်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ထူပါရုံ (၈)လမ်း/အနောက်၊ အမှတ်(၉၇၄/က) ဟုခေါ်တွင်သော (၁)ခန်းတည်း (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စိုးစိုးကြည် ၁၂/တမန(နိုင်)၀၈၄၃၉၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းအောင် ၁၁/စတန(နိုင်)၀၃၄၁၉၄ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅-ကံဘဲ့) ၊မြေကွက်အမှတ် (၄၈/က^၂၃)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာအမှတ်(၄၀/၈က)၊ မြစ်ပွဲယ်လမ်း၊ (၉)ရပ်ကွက်၊ ပါရမီ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် (၂)ထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ဦးသောင်းညွှန့် အမည်ပေါက် မြေကွက်ဖြစ်ပြီး၊ မြေအမည်ပေါက်သူထံမှ တရားဝင်အမွေဆက်ခံ ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသည့် (၁) ဒေါ်အေးအေးခိုင် ၁၀/မလမ(နိုင်) ၀၃၇၀၂၉၊ (၂) ဦးမင်းသိမ်း ၁၀/မလမ(နိုင်)၀၃၆၁၉၀၊ (၃) ဦးအောင်မြတ် ၁၀/မလမ(နိုင်)၀၀၃၃၈၃ တို့ထံမှ ကျွန်တော် ဦးနေသာလင်း ၁၂/မဂတ(နိုင်)၀၈၉၈၅၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်တော်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးနေသာလင်း**
**၁၂/မဂတ(နိုင်)၀၈၉၈၅၅**
**အမှတ်(၇)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၂၅၀၂၂၂၈၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၃)၊ ဦးပိုင်အမှတ် (၁၁၁)၊ ၈၁လမ်း၊ ၃၆လမ်းထောင့်ရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူခင်ပွန်း ဦးကျန်ကော်စိုက် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စီလောက်စယ် ၁၃/ဟပတ(နိုင်)၀၀၂၂၄၆ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင် အထက်တန်းကျောင်း Grade-3မှ (ဘ) ဦးကိုကိုကျော်-ဒေါ်ခိုင်ဇင်မော်၏သား မောင်A သင်ကိုအား မောင်မင်းသာကီကျော် ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

**မောင်မင်းသာကီကျော်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ဒူးယား အခြေခံပညာ အထက်တန်း ကျောင်း Grade-12 မှ မဆွေဆွေသက် ၏ ဖခင်အမည်မှန်မှာ ဦးအေးထွန်း ၁၄/ဟသတ(နိုင်) ၀၇၄၁၉၁ ဖြစ်ပါသည်။

**ဦးအေးထွန်း**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အထက(ခွဲ)မြို့မ Grade-10 မှ မအိမ့်သူခိုင်မွန်၏ ဖခင်အမည်မှန်မှာ ဦးတင်ဗိုလ် ၁၄/ညတန(နိုင်)၁၀၂၀၈၅ ဖြစ်ပါကြောင်း။

**ဦးတင်ဗိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(B-၁၂)၊ ဦးပိုင်အမှတ်(၃)၊ ၃၁လမ်း၊ ၅၅x၅၆လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးစိုင်းစောမြင့် ၏(SPရရှိသူ ဦးရဲလွင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၂၁/၂၀၀၈) ဖြင့်ဝယ်ယူခဲ့သူ ဦးဘို၏ (SPရရှိသူ ဦးမင်းအေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၅၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချယ်ရီဦး ၁၃/ကခန(နိုင်)၀၈၉၉၃၄ က အမှုတွဲအမှတ် ၄၀၅၉/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၅)၊ ဦးပိုင်အမှတ်(၄၃-က)၊ ၆၃လမ်း၊ ၂၇x၂၈လမ်းကြားရှိ မောင်ရင်ကြီး အမည်ပေါက်ဘိုးဘမြေကွက်အားမောင်ရင်ကြီး(ကွယ်လွန်)၏ မြေးများဖြစ်သော ဦးအုန်းမောင်နှင့်(နမ) ဒေါ်သန်းမေတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၈၇/၁၉၉၄) ဖြင့်ဝယ်ယူခဲ့သူ ဦးချစ်ဆွေ (နမ) ဒေါ်ခင်တင့်တို့(၂)ဦးအနက် ဦးချစ်ဆွေ(လူပျိုကြီးဘဝ) ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၈/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် (နမ)ဒေါ်ခင်တင့်၏ (SP ရရှိသူ ဒေါ်နီမာကာလာ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၅၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးမိုးဟန် ၉/မကန(နိုင်)၀၆၅၇၈၉က အမှုတွဲအမှတ် ၀၅၀၀/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက် အမှတ်(၅၆၂)၊ ဦးပိုင်အမှတ်(၅၀-ခ)၊ ၈၅-Eလမ်း၊ ၃၃x၃၄လမ်းကြားရှိ ဦးသာထွန်း၊ ဒေါ်အေးမ အမည်ပေါက်ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးသာထွန်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၁၁၉၃/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်အေးမထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၉၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဆူဒီးရ်ကူးမား(ခ) ဦးဇေယျာထွေး ၁၃/လရန(နိုင်)၁၀၈၄၃၄၊ ဒေါ်ဟန်နီဦး(ခ)အမီကား ၉/မကန(နိုင်)၁၂၁၇၃၀တို့က အမှုတွဲအမှတ် ၀၄၉၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၂(A)လမ်း၊ ၃၇(A)လမ်းထောင့်ရှိ ဦးတင်မောင် အမည်ပေါက် ဂရန်မြေကွက်အား ပိုင်ဆိုင်ကြောင်းကြေညာစာတမ်းစာချုပ် (၂၅၁၀/၁၉၉၆)ဖြင့်ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၇၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သက်မူ(ခ)ခင်သက်မူ ၉/မနမ(နိုင်)၀၆၀၀၇၂က အမှုတွဲအမှတ်၄၀၇၉/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၉)၊ ဦးပိုင်အမှတ်(၈)၊ ၁၁၂လမ်း၊ ၅၈x၅၉လမ်းကြားရှိ ဦးစံဒွေး အမည်ပေါက်တောဂရန်မြေကွက်အားဖခင် ဦးစံဒွေး၊ မိခင်ဒေါ်ငွေရှင်တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၂၃/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သောတစ်ဦးတည်းသောသားဖြစ်သူ ဦးအေးရွှေ ၉/မခန(နိုင်) ၀၅၃၈၄၉၈၏ (GPရရှိသူဒေါ်သဥ္ဇာလင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၀၆၁/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၈)၊ ဦးပိုင်အမှတ် (၈၉)၊ ၆၃x၆၄လမ်းကြား၊ စံပြလမ်းxသခင်ဖိုးလှကြီးလမ်းကြားရှိ ဦးစိုးသိမ်းအမည်ပေါက်တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၃၆/၂၀၂၂)တွင် ၃-၃-၂၀၂၃ ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးစိုးသိမ်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၈၇/၂၀၂၄) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ခင်သီတာစိုး ၉/မနမ(နိုင်) ၁၀၈၀၆၅ က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၄၀၇၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ရှားခဲ-အခြေခံ ပညာအထက်တန်း ကျောင်း Grade-7 မှ ဦးထွန်းထွန်းဝင်း၏သမီး မမိုးသန္တာ ၏ မိခင်အမည်မှန်မှာ ဒေါ်ချိုချိုဝင်း ၃/လဘန(နိုင်)၀၃၇၄၉၀ ဖြစ်ပါသည်။ **ဒေါ်ချိုချိုဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9658, Honda CIVIC FD3, SALOON(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၈/မလန(နိုင်)၀၈၄၀၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၈၊ ဦးပိုင်အမှတ်(၃၆)၊ ၆၂(A)လမ်း၊ ၂၅x၂၆ လမ်းကြားရှိ ဦးကျော်ဝင်း၊ ဒေါ်စန်းစန်း အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးကျော်ဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၆၆၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စန်းစန်းထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၂၅၀/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးမွန် ၉/မရမ(နိုင်) ၀၄၇၃၅၁က အမှုတွဲအမှတ်(၄၀၈၀/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၉၇၊ ဦးပိုင်အမှတ်(၉၅က/ခဲစင်း)၊ ၂၄x၂၅လမ်းကြား၊ ၈၈x၈၉လမ်းကြားရှိ ဒေါ်သောင်းသောင်း အမည်ပေါက် ဂရန်မြေကွက်အား မိခင် ဒေါ်သောင်းသောင်း၊ ဖခင် ဦးလှရွှေ သမီး ဒေါ်ခင်ငြိမ်းရီ(အပျိုကြီးဘဝဖြင့်)၊ ဦးအောင်မိုးခိုင် (လူပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၅၃၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသော သား၊ သမီးများဖြစ်ကြသည့် ဒေါ်ခင်ဆွေမာ ၉/မနတ(နိုင်)၀၆၇၀၆၂၊ ဒေါ်ခင်ဆွေရီ ၉/မနတ(နိုင်)၀၆၇၀၆၄၊ ဦးဝင်းဇော် ၉/မနတ(နိုင်)၀၆၉၄၇၈၊ ဒေါ်ချိုမာလွင် ၉/မနတ (နိုင်) ၀၀၃၄၅၆ တို့က အမှုတွဲအမှတ်(၄၀၇၆/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိရှိစေရန်ကြေညာချက်

ရှိုင်းဟတ် မိုက်ခရိုဖိုင်းနဲန့်စ် ကုမ္ပဏီလီမိတက် ကုမ္ပဏီလိုင်စင်အမှတ် ၁၁၅၂၇၁၁၇၂နှင့် အမြဲတမ်းလိုင်စင်အမှတ် ၀၂၉၈/၂၀၂၁ ၏ ဒါရိုက်တာအဖွဲ့ဝင်လက်ရှိ (၃)ဦးအပြင် အဖွဲ့ဝင်အသစ်အဖြစ် ဒေါ်ဆုတင့်မွန် ၁၄/မမန(နိုင်)၁၉၂၁၀၆အား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ၁-၇-၂၀၂၄ရက်မှစတင်၍ ထည့်သွင်းသွားမည်ဖြစ်ပြီး မန်နေဂျင်း ဒါရိုက်တာရာထူးကိုပါ ခန့်အပ်သွားမည်ဖြစ်ကြောင်းကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ စာအမှတ် (ငကစ/ကက-၆(၇၄/၂၀၁၅)အရ အများပြည်သူနှင့် အသင်းသားများ သိရှိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ရှိုင်းဟတ် မိုက်ခရိုဖိုင်းနဲန့်စ် ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှု အောက်ရှိ သပြေကုန်းဈေးမှ ပွဲရုံဆိုင်ခန်းအမှတ်(ပ-၁၂၀) ဦးဝင်းစိုး ၁၂/ဒဂန (နိုင်)၀၁၁၈၁၂ အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"** မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်(မိတ္တူမှန်)"** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်(မူရင်း)"** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုဇယား(မိတ္တူ)များတင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဝင်းစိုး အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)** အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)**ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/51889 HAOJUE 110 ယာဉ်လက်ဝယ်ရှိသူ Aung Naing Hein San Co.,Ltd က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/4262 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀ )
## မအူပင်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၇

ဦးလေးပိုင် နှင့် ၁။ ဦးသိန်းစိုး
၂။ ဒေါ်စန်းရီ

**တရားလို** **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၆၉-က)နေ ၁။ ဦးသိန်းစိုး(ဘ)ဦးအုန်း ၂။ ဒေါ်စန်းရီ(ဘ)ဦးအောင်မြိုင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလေးပိုင်က ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်ဆိုကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မင်းလွင် )**
**ခရိုင်တရားသူကြီး**
**မအူပင်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်နေ ဒေါ်အေးမြတ်သူ ၁၁/တကန(နိုင်)၀၉၉၁၄၉ ၏ ဖခင်အမည်မှာ ဦးကျော်တင်မောင်(ခ)ဦးကျော်တင်အောင် ၁၁/ရဗန(နိုင်)၀၁၃၇၂၃ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်နေ ဒေါ်အေးနွယ်အောင် ၁/ပတအ(နိုင်)၀၆၄၄၀၄ ၏ ဖခင်အမည်မှာ ဦးဖန်ဆိုင်(ခ)ဦးစောန္ဒဖန်ဆိုင် ၁/ပတအ(နိုင်)၀၂၈၅၁၇ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/7671 SANG KSD MRV VAN (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မောင်ဦး ၁၂/သဃက(နိုင်)၀၄၁၄၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/20067, New Zhineng-110 M/C ယာဉ်လက်ဝယ်ရှိသူ Thet htar Zin Trading Co.,Ltdက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သာယာဝတီ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ (မူလွန်) လင်းယောစမ်းမှ (ဒု-အလယ်တန်းပြ) ဒေါ်ခင်လှိုင်(ခ) ဒေါ်ကြူကြူ ၉/ကပတ(နိုင်) ၁၇၆၈၂၉ သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ လယ်မကျေးရွာအုပ်စု၊ မြုံကြီးကျေးရွာနေ (ဘ)ဦးမြထွန်း ၏သား မောင်စိုးညွှန့် ၈/ မတန(နိုင်)၀၅၅၅၈၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် MF-002743 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၇၆ ၂၄၃ ၆၆၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ မြေကွက်အမှတ်-၂၄၀/က၊ ၁၂၀၀စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၄၀/က)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးအောင်သူ ၁၂/ဥကမ(နိုင်)၀၄၂၄၆၂ အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအောင်သူ ထံမှ ၂-၆-၂၀၁၆ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ခင်စိုးစိုး (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်အေးမို့မို့ဝင်း)မှ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမမှုကြီးအမှတ်-၄၇/၂၀၂၃ဖြင့် ဒေါ်ခင်စိုးစိုးအပေါ် ပဋိညာဉ်အတိုင်း အိမ်ခြံမြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ၅-၉-၂၀၂၃ ရက်က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၄၇/၂၀၂၃/၃-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စားဘိလစ်စာရေးကြီး ဒေါ်သူဇာ ၆/ထဝန(နိုင်) ၀၂၆၃၄၃မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘိလစ်ခန့်အပ်စာ၊ ဂရန်မူရင်း၊ ဝင်စာအမှတ်-၁၁၁၄၉/၂၉-၈-၂၀၂၄ရက်စွဲပါစာဖြင့် တရားနိုင် ဒေါ်ခင်စိုးစိုး မှ မြေပြင်တွင်(၁)ထပ်တိုက်(၁)လုံးရှိ၍ ဒေါ်ခင်စိုးစိုး ကိုယ်တိုင်နေထိုင်ခြင်းမရှိဘဲ ညီမဝမ်းကွဲ တော်စပ်သူ ဒေါ်နီလာသန်းမိသားစု နေထိုင်ခြင်းနှင့်ပက်သက်၍ တာဝန်ယူကြောင်းနှင့် မြေပြင်တွင်နေထိုင်သူ ဒေါ်နီလာသန်းသည် လူကြီးမင်းတို့ ကွင်းဆင်းစစ်ဆေးပြီးနောက်တွင် နေထိုင်ခြင်းမပြုတော့ဘဲ အခြားနယ်သို့ ပြောင်းရွှေ့သွားပါသဖြင့် ပြန်လည်ခေါ်ယူ၍မရနိုင်ပါကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူကြောင်း ဒေါ်ခင်စိုးစိုးမှ ဝန်ခံကတိတင်ပြ၍ ဘိလစ်ဒေါ်သူဇာမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2F/9696 Nissan Condor MKS 7A Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမြင့် ၈/မဘန(နိုင်)၀၆၁၄၈၆ က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၁)၊ မြေဧရိယာ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ ဦးသက်ညွှန့် ပါမစ်အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်စာတမ်းများအရ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြတ်စန္ဒာ ၇/ပတတ(နိုင်)၁၂၀၉၃၁ ထံမှ ဒေါ်ဖြူဝေလွင် ၇/ရတရ(နိုင်)၁၀၂၄၃၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဝေလွင်**
**၇/ရတရ(နိုင်)၁၀၂၄၃၉**
**အမှတ်(၁၄၈/က)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း၀၉-၅၀၃၄၅၈၇၊ ၀၉-၂၅၉၃၁၈၄၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အလယ်ကုန်းရပ်ကွက်၊ ဖိုးခေါင်လမ်းရှိ ကွင်းအမှတ်- M၊ ကွင်းအမည်-ရေလဲတောင်ရပ်၊ ဦးပိုင်အမှတ်- ၁၄/၁ ရှိ၊ ရှေ့မျက်နှာစာ- ၄၀ပေ၊ အနောက်ဘက်အရှည်-၁၅၀ပေ (အရှေ့အရပ်တွင်-ဒေါ်ခင်စန်းမြင့်၏ခြံ၊ အနောက်အရပ်တွင် ဒေါ်စိန်ကျင်၏ခြံ၊ တောင်အရပ်တွင် လယ်ကွင်း၊ မြောက်အရပ်တွင် ဖိုးခေါင်လမ်း)စသည့်နယ်လေးရပ်အတွင်းရှိ ခြံမြေကွက်ကို ဦးစိုးမြင့်ထံမှ ဦးလှတင်(၇/သနပ(ပြု)၀၀၀၉၅၁) က (၂၅-၉-၂၀၂၄)ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ငွေပေးချေဝယ်ယူကာ လက်ရှိနေထိုင်လျက်ရှိသူဖြစ်ပါသည်။ ဦးလှတင်က ၎င်းဝယ်ယူထားသည့် အဆိုပါခြံမြေကွက်အား ဦးစိုးမြင့်အမည်မှ ဦးလှတင်အမည်သို့ အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ရာ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်ခွင့် အထောက်အထားစာရွက်စာတမ်း(မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်သူများ ပေါ်ပေါက်လာခြင်းမရှိပါက အမည်ပြောင်းလဲ လျှောက်ထားခြင်းကို သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးလှတင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းပပလင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၀)**
**အနောက်ရိုးကြီးလမ်း၊ အနောက်ရိုးကြီးရပ်ကွက်၊ သုံးဆယ်မြို့၊**
**သာယာဝတီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၆၇၉၆၇၆၃**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၁-၁၀-၂၀၂၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဦးလှမြင့်(စဉ်-၇၂၂၂)၏ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၁၂၅၁)၊ (၄)လွှာ (ခေါင်းရင်းခန်း)အစား တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၁၆၅) (၄)လွှာ(ခြေရင်းခန်း) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/3119 Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောအာဇရံ ၁၄/ညတန(နိုင်)၁၅၆၇၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6U/1951 Dayang 250 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးနိုင် ၁၄/မအပ(နိုင်)၂၄၅၃၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/3221 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၇

၁။ ဒေါ်မြင့်မြင့်ကြည် နှင့် ၁။ ဒေါ်သိန်းတင်
၂။ ဦးချိုတူးအောင် ၂။ ဒေါ်စန်းစန်းမြင့်
၃။ ဒေါ်မြင့်သန္တာဦး

**(တရားလိုများ)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ မြေညီထပ်၊ အမှတ်(၉၁)နေ (၁) ဒေါ်သိန်းတင် (၂) ဒေါ်စန်းစန်းမြင့် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို (၁) ဒေါ်မြင့်မြင့်ကြည် (၂) ဦးချိုတူးအောင် (၃) ဒေါ်မြင့်သန္တာဦးတို့က ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းတို့ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုတို့၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဇာဝင်း)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြဝတီခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄

ဒေါ်ဝင်းအိအိဝေ နှင့် ဦးသိန်းဇော်
**တရားလို** **တရားပြိုင်**

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဦးစလမ်း၊ GIကားဂိတ်အနီးနေ ဦးသိန်းဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဝင်းအိအိဝေက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမြင့်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ တောင်သရက်လမ်း၊ မြေကွက်အမှတ် (၅၃၁)၊ အကျယ်အဝန်း (၄၁ပေ × ၆၁ပေ)ရှိ ဒေါ်ရီရီအောင် (၁၂/လမန(နိုင်)၀၁၂၂၀၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ် (၇၀၄၁/၂၀၂၄)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းစိုး (၁၂/ဥကမ (နိုင်) ၁၅၆၇၅၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ် ၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ်ရပ်ကွက်၊နယ်မြေ(၁၄)၊ လမ်းသွယ်(၆)နေ ဦးဝင်းမျိုးထွန်း-ဒေါ်မိုးမိုး(ကွယ်လွန်) တို့၏သမီး မညွှန်းလပြည့်ရှင် သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဝင်းမျိုးထွန်း**
**မင်းရပ်ရပ်ကွက်၊ လမ်းသွယ်(၆)၊ လက်ပံတန်းမြို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အစီရင်ခံစာများနှင့် ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုဖော်ပြသင့်

ပြည်တွင်းသတင်း စာ ၆

## ခေတ်မီ ဒီဇယ်လျှပ်စစ်(DEMU) ရထားတွဲဆိုင်းများဖြင့် အမှတ်(၁၅) အဆန် ရန်ကုန် - ပဲခူးနှင့် (၁၆)အစုန် ပဲခူး - ရန်ကုန် ပြေးဆွဲပေးမှု ခရီးသည်စီးနင်းမှုများပြား

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်အတူ စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် ရန်ကုန် – ပဲခူးခရီးစဉ် အမှတ်(၁၅) အဆန်နှင့် ပဲခူး–ရန်ကုန်ခရီးစဉ် အမှတ်(၁၆) အစုန် စတင်ပြေးဆွဲခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပပြီး စတင်ပြေးဆွဲလျက်ရှိရာ ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၄* ◆



## MFF ယူ–၁၉ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကျင်းပလျက်ရှိ

၂၀၂၄ MFF ယူ–၁၉ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အောက်တိုဘာ ၁၀ ရက်က ကျင်းပသည့်ပွဲများတွင် အင်းစိန်စီးတီးအသင်းက United Phoenix အသင်းကို ၁၁ ဂိုး–တစ်ဂိုး၊ The Underdog အသင်းက *စာမျက်နှာ ၈ ကော်လံ ၁* ❑



Gold Dream အသင်းနှင့် Jullniss အသင်း ယှဉ်ပြိုင်စဉ်။

## သပိတ်ကျင်းမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်ဗဟိုပြု၍ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ် ၅၆ စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(သပိတ်ကျင်းမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး (၅ ဒသမ ၃) အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/ဇလ**

## FIFA နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားက တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၁**

FIFA နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် သီရိလင်္ကာ အမျိုးသားလက်ရွေးစင်အသင်းတို့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV – HD Channel၊ MRTV Parliament Channel၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Online Platform များကလည်း မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### ယနေ့ သတင်းအညွှန်း

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက သီတင်းကျွတ်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်**

ပြည်တွင်းသတင်း စာ ၈

**တက်စလာကုမ္ပဏီက မောင်းသူမဲ့ စက်ရုပ်တက္ကစီ စမ်းသပ်ယာဉ်ကိုပြသ**

နိုင်ငံတကာသတင်း စာ ၁၃